WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

# သာမဏေကျော်များ

၁။ တိဿသာမဏေ။

၂။ ပဏ္ဍိတသာမဏေ။

၃။ သံကိစ္စသာမဏေ။

၄။ သုခသာမဏေ။

၅။ သုမနသာမဏေ။

၆။ သာနုသာမဏေ။

၇။ ရှင်ရေဝတ။

၈။ ရှင်သီဝလိ။

၉။ သာမဏေကျော် ၄-ပါး။

(စတုတ္ထအကြိမ်)

ဦးလှခင်(ဆေးညွှန်းချိုး)၊ စီစဉ်ရေးသားသည်

အမှတ်စဉ် ၄

သက်သာ စာစဉ်

WWW.DHAMMARANSI.COM

# လောကုတ္တရာအကျိုး

လက်ဆွေးစင် ဗမ္မပဒ ဝတ္ထုတော်

## ဗုဒ္ဓစာပေ ဖတ်ရှုလေ့တိုင်း ရမြဲမသွေ ကောင်းမှုတွေကား

၁။ ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရိုသေခြင်း၊
၂။ သဒ္ဓါတရားကြီးထွားခြင်း၊
၃။ သတိအားကောင်းခြင်း၊
၄။ ပညာဉာဏ်ပြန့်ပြောခြင်း၊
၅။ ကောင်းမှုတိုးပွားခြင်း၊
၆။ ပီတိပါမောဇ္ဇအားကြီးခြင်း၊
၇။ အကြောက်အလန့် ကင်းစင်ခြင်း၊
၈။ ဆင်းရဲကိုခံနိုင်ခြင်း၊
၉။ လူ့သဘာဝ စရိုက်ဆိုးများ ပယ်ဖျောက်၍ စရိုက်ကောင်းများ ဖော်ဆောင်နိုင်ခြင်း၊
၁၀။ ဖတ်ရှုနေစဉ်အတွင်း ရတနာသုံးပါး အာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း၊
၁၁။ ထိုထိုသော ပုဂ္ဂိုလ်ထူးတို့ ရရှိအပ်သော ဒါနအကျိုး၊ သီလအကျိုး၊ ဘာဝနာအကျိုးတို့ကို ရရှိခံစားလိုသော စိတ်ဓာတ်များဖြစ်ပေါ်လာပြီး၊ မကောင်းမှုများကိုကြဉ်ရှောင်၊ ကောင်းမှုကောင်းကျိုးကို ဆောင်လိုစိတ်များ ပေါ်ပေါက်ခြင်း၊
၁၂။ ထိုထိုပုဂ္ဂိုလ်တို့ကဲ့သို့ ကျင့်ကြံလိုစိတ် ပွားများလာပြီး သံသရာလမ်းမှ နိဗ္ဗာန်စခန်းသို့ ရည်သန်ကျင့်ကြံလိုသော သဒ္ဓါတရား ပေါ်လာနိုင်ခြင်း။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထမတွဲ]

စာတည်းအဖွဲ့

၂၊၃၂

WWW.DHAMMARANSI.COM

### လောကုတ္တရာအတွက်

# လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

## လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာရရှိနိုင်ကြစေရေး

### လောကီရေးတွင်—

| | |
|---|---|
| စာဖတ်ရှိန်နှုန်း | မြင့်မားလာကြစေရေး |
| စာဖတ်လိုစိတ် | ပွားများလာရေး |
| ကိုယ်ကျင့်တရား | တိုးတက်စေရေး |
| ထက်ကြွလုံ့လ | ရှိကြစေရေး |
| မိမိကိုယ်ကို | အားကိုးစိတ်တိုးပွားရေး |
| စိတ်ဓာတ် | ကြံ့ခိုင်စေရေး |
| လူကိုလူချင်း | ခွင့်လွှတ်သည်းခံနိုင်ရေး |
| လူသားချင်းချင်း | မေတ္တာတရားထားရှိနိုင်ရေး |
| အတွေးအခေါ် | တိုးတက်ကောင်းမွန်ရေး |
| ဗဟုသုတ | တိုးပွားစေရေး |

စသည် လောကီ-လောကုတ္တရာ အကျိုးနှစ်ပါးအတွက် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေပါသည်။

ဓမ္မဒူတအဖွဲ့

WWW.DHAMMARANSI.COM

ဘာသာရေးခွင့်ပြုချက် အမှတ် (၆၇၉)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၁၇၅)

ပထမ အကြိမ် ၁၉၇၁၊ ဇွန်လ။ (၅၀၀၀)
ဒုတိယ အကြိမ် ၁၉၇၁၊ ဒီဇင်ဘာလ။ (၃၅၀၀)
တတိယအကြိမ် ၁၉၇၂၊ ဩဂုတ်လ။ (၃၅၀၀)
စတုတ္ထ အကြိမ် ၁၉၇၃၊ စက်တင်ဘာလ။ (၃၅၀၀)

စျေးနှုန်း ၃-ကျပ်

## ဝန္ဒနာနှင့် ဆုပန်လွှာ
### ပဋ္ဌဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာ မိဘ၊ များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊ ဝန္ဒနာဖြင့်၊ ဦးထွာရိုကျိုး၊ ကျွန်ုပ်ရှိခိုး၏။

ထို့ပြင်တဝ— ဖတ်ရ မှတ်ရ၊ ကြားနာရသည့်၊ သုတ ဖြာဖြာ၊ ဆည်းပူးရာသား၊ ဆရာများပါ ဝတ်တွားပန္ဒနာရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ်၊ ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်မြပ် ရည်သမည်း။

ထုတ်ဝေသူ။ ။ဦးဘသောင်း (၀၆၀၀ မြ) စေတနာစာပေ၊
တိုက် ၂၁၊ ၂၅၆၊ ရန်ကင်းမြို့နယ်။ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဦးလှခင် (၀၁၀၂၀-မြ) ဆန်းညွန့်ဦးပုံနှိပ်တိုက်၊
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

၁၉၅၅

# သက်သာစာစဉ် အမှတ်(၄)

## ခုနစ်နှစ်အရွယ်နှင့် ရဟန္တာဖြစ်ကြသော သာမဏေကျော်များ

(လက်ရွေးစင်) (ဓမ္မပဒ) (ဝတ္ထုတော်)

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

တို့၏ ဓမ္မဒါနအလှူတော်

နတ် လူ သာဓု ခေါ်စေသော်—

ဤကောင်းမှုကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် လျင်မြန်ယိုးဖေါက် သိမြင်ပြီး နိဗ္ဗာန်ပြည်မြတ်သို့ ကူးမြောက် နိုင်ပါစေသတည်း။


ဦးလှခင်(ထော်ညွှန့်ဦး) စီစဉ်ရေးသားသည်

သက်သာ | တန်ဖိုး ၃/- | ၁၁ စဉ်

1 [စတုတ္ထအကြိမ်]

WWW.DHAMMARANSI.COM

# ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု



ကျောင်းသား လူငယ် များမှ စ၍
**နိုင်ငံတော်၏ အဓိက အင်အားစုများဖြစ်ကြသည့်**
အလုပ်သမား၊ တောင်သူ လယ်သမား
တိုင်းရင်းသား လုပ်သားပြည်သူတို့ ဖတ်ရှုနိုင်ရန်
**အလွယ်ဆုံး အရှင်းဆုံး**

**ရေးသား၍**

ဈေးနှုန်း အသက်သာဆုံးဖြင့်
ကြည်ညိုသဒ္ဓါ ပွားများကြစေရန်
ရည်သန်ထုတ်ဝေပါသည်။

**စတုတ္ထအကြိမ်**

WWW.DHAMMARANSI.COM

# ဤဓမ္မဗဒလက်ရွေးစင်များကို

ဖတ်လည်း ဖတ်ကြပါ။
မှတ်လည်း မှတ်ကြပါ။
ဖတ်မှတ်ပြီးလျှင် လိုက်နာကျင့်သုံးပါ။
ယခုဘဝအတွက်လည်း ကောင်းသည်။
တမလွန်ဘဝအတွက်လည်း ကောင်းသည်။

## မိမိဖတ်ပြီးလျှင်-

မိဘဘိုးဘွား သက်ကြီးရွယ်အိုတို့ကို ဖတ်ပြပါ။
သားသမီးတို့အား ဖတ်ရန် တိုက်တွန်းပါ။
တဆင့်ဟောပြောခြင်းဖြင့် ကုသိုလ်ယူကြပါ။
မိတ်ဆွေများအား ဖတ်ရန်တိုက်တွန်းခြင်းဖြင့် ကုသိုလ် ယူကြပါ။

စာတည်းအဖွဲ့

WWW.DHAMMARANSI.COM

## ၇-နှစ်အရွယ်နှင့် ရဟန္တာဖြစ်ကြသော

# သာမဏေကျော်များဝတ္ထု

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**


မြတ်စွာဘုရားသခင်၏ လေးဆယ့် ငါးဝါတာလအတွင်း၌ ဘဝဘဝ အဆက်ဆက်က ပါရမီဓာတ်ခံ ရင့်သန်သဖြင့် ခုနစ်နှစ်အရွယ်နှင့် ရှင်သာမဏေအဖြစ်ခံယူယင်း ရဟန္တာဖြစ်ကြသော အရှင်မြတ်အများအပြားနှင့် သာမဏေရီများပင် ပေါ်ပေါက်ခဲ့ပြီး ထူးခြားသော တန်ခိုးပြာဋိဟာများပင် ရရှိတော်မူခဲ့ကြပေသည်။

ထိုဝတ္ထုတော်များမှာ တကယ့် အဖြစ်အပျက်များ ဖြစ်၍ အံ့သြဘနန်း တန်ခိုးတော် ပြသွားကြပုံများကို ဖတ်ရှုတွေ့မြင်ရမည် ဖြစ်ပေသည်။

ဤစာအုပ်တွင် တအုပ်တည်းနှင့် ပြည့်စုံစွာသိရှိနိုင်ကြရန် ရည်ရွယ်၍၊ သာမဏေကျော်လေးပါး ဝတ္ထုကိုသာ အကျယ်ရေးသားပြီး ကျန်ခုနစ်နှစ်အရွယ်နှင့် ရဟန္တာဖြစ်တော်မူကြသော သာမဏေများကို အကျဉ်းမျှသာ ဖော်ပြနိုင်ခဲ့ပါသည်။ အခြားသော ဓမ္မဒေသက်သာစာစဉ်များတွင် အကြောင်းအားလျော်စွာ ပါရှိလာဦးမည်ဖြစ်၍ မျှော်မှဖတ်ရှုကြပါရန်။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

# တိဿ သာမဏေဝတ္ထု

လာဘ်ပေါများကြောင်း အကျင့်ကတခြား
နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကတခြား
မြတ်စွာဘုရား၏ တပည့်သာဝကတို့သည်
လာဘ်ကို မခင်အပ်
တောတောင်၌ တပါးတည်းကျင့်ရာ၏။

ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ နဝါဝသီ တိဿ သာမဏေကို ရည်မှတ်၍ ဟောတော် မူခဲ့သည်။ အဖြစ်အပျက်ကား ရာဇဂြိုဟ်ပြည်၌ဖြစ်၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ဖခင် ဝင်္ကန္တပုဏ္ဏားကြီး၏ မိတ်ဆွေ မဟာသေနပုဏ္ဏားကြီးသည် ရာဇဂြိုဟ်၌နေ၏။

မဟာသေနပုဏ္ဏားကြီးမှာ ပစ္စည်းကုန်ခန်း ဆင်းရဲနွမ်းပါးနေ၏။

အရှင်သာရိပုတ္တရာသည် မဟာသေန ပုဏ္ဏားကြီးကို အစဉ်သနားသဖြင့် ပုဏ္ဏားကြီး၏ အိမ်တံခါးဝ၌ ရပ်၏။

ငါ၏သား သာရိပုတ္တရာသည် ငါ့အိမ်ရှေ့သို့ ဆွမ်းခံရန် ရပ်တော်မူသည်။ ငါဆင်းရဲနွမ်းပါးနေခြင်းကို သိပေလိမ့်မည်မဟုတ် လှူဒါန်းပေးကမ်းစရာလည်း တစုံတရာမရှိသဖြင့် ပုန်းအောင်း၍သာနေ၏။

WWW.DHAMMARANSI.COM



မသေရ်သည် နေ့စဉ်ပင် အိမ်တံခါးဝ၌ ရပ်တော်မူသည်သာ ဖြစ်၏။

## မြတ်သောဒါန လှူလိုက်ရ

တနေ့တွင် အိမ်ဘအိမ်မှ ပုဏ္ဏားကြီးတို့ကို ပင့်ဖိတ်ရွတ်ဖတ်ရာမှ ထူထဲသောပုဆိုးပိုင်းနှင့် နို့ထမင်းတခွက်ကိုရ၍ ဤဆွမ်းကို ငါသည် ရှင်သာရိပုတ္တရာမထေရ်အား ပေးလှူအံ့ဟု မထေရ်ကို စောင့်မျှော်ပြီးနေလေ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ထိုခဏ၌ ဈာန်သမာပတ်ကို ဝင်စား၍ သမာပတ်မှ ထတော်မူသည်ရှိသော် ပုဏ္ဏားကြီးကို မြင်တော်မူ၏။ ဒုကုဋ်ကိုရုံတော်မူပြီး သပိတ်ကို ယူတော်မူ၍ ပုဏ္ဏားကြီး၏အိမ်တံခါးဝ၌ ရပ်တော်မူ၏။

မဟာသနပုဏ္ဏားကြီးသည် ကြည်ရွှင်နှစ်သက် ဦးထိပ်ဘွင်လက်ယှက်တင်၍ ရှိခိုးခြင်းဖြင့် အိမ်တွင်းသို့ ငံ၍ နို့ထမင်းခွက်ကိုယူပြီး မထေရ်၏သပိတ်၌ ထည့်လောင်းလှူဒါန်း၏။ မထေရ်သည်လည်း ထက်ဝက်မျှသာခံယူလျက် သပိတ်ကို ပိတ်တော်မူ၏။ ထိုအခါ ပုဏ္ဏားကြီးက-

"အရှင်ဘုရား.... ဤနို့ထမင်းသည် တယောက်စာ သောက်လောက်ရုံမျှသာ ဖြစ်ပါသည်။ အကျွန်ုပ်အား တမလွန်အတွက်သာ ချီးမြှင့်ခြင်းကိုပြုတော်မူပါ။ ဤဘဝအတွက်ချီးမြှင့်ခြင်းကို ပြုတော်မမူပါလင့်"ဟု လျှောက်ထား၍ အကုန်ပင် သပိတ်သို့ သွန်းလောင်း၏။ မထေရ်လည်း ထိုနေရာ၌ပင် ဘုဉ်းပေး သုံးဆောင်၏။ ဘုဉ်းပေးပြီးနောက် ပုဆိုးပိုင်းကိုပေးလှူ၍ ရှိသေစွာရှိခိုးပြီး-

WWW.DHAMMARANSI.COM



"အရှင်ဘုရား.... ဤသို့လှူဒါန်းအပ်သော ကုသိုလ်စေတနာကြောင့် အရှင်မြတ်တို့သိအပ်သော တရားထူးကို ထင်ရှားသိရှိ အပြီးအဆုံးသို့ရောက်သည် ဖြစ်ရပါလို၏"

ဟု ဆုတောင်း လျှောက်ထား၏။ အရှင်မြတ်ကလည်း "ဆုတောင်းဘိုင်း ပြည့်စုံစေလော့"ဟု အနုမောဒနာပြုပြီး နေရာမှ ထ၍ အစဉ်အဘိုင်းအားဖြင့် လှည့်လည်၍ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

### ဆင်းရဲစဉ်ခါ လှူဒါန်းရာ လွန်စွာဝမ်းမြောက်ရ

ဆင်းရဲပြုံပြင်ပင်ပန်းသောကာလ၌ ခက်ခက်ခဲခဲ ရှာကြံလှူဒါန်းရသောဒါနသည် လှူဒါန်းသော ဒါယကာအား လွန်စွာနှစ်သက်ခြင်းကိုဖြစ်စေ၏။ မဟာသေန ပုဏ္ဏားကြီးလည်း အလှူကိုပေးလှူပြီးနောက် ကြည်သိုနှစ်သက် ဝမ်းမြောက်ခြင်းပီတိဖြင့် အရှင်သာရိပုတ္တာမထေရ်၌ အလွန်အကဲသော ချစ်ခင်ခြင်းသည် ဖြစ်လေ၏။ ဤသို့ပင် မိမိဒါနကိုဂမ်းမြောက်၍ မထေရ်၌ ချစ်ခင်ခြင်းဖြင့်သာလျှင် အသက်အတိုင်းနေပြီး သေလွန်ခဲ့၏။

### လူပြန်ဖြစ်ရ မဟာသေန

မဟာသေနပုဏ္ဏားကြီးသည် မထေရ်၌ ချစ်ခင်ခြင်းဖြင့်သာလျှင် သေလွန်ခြင်းကိုပြုခဲ့၍ သာဝတ္ထိပြည်ဝယ် အရှင်သာရိပုတ္တာ၏ အမျိုးအိမ်၌ ပဋိသန္ဓေတည်နေလေ၏။

### မိခင်ချင်ခြင်း ဖြစ်ပုံ

ပဋိသန္ဓေတည်နေသော မိခင်သည် ရှင်သာရိပုတ္တာမထေရ် အမှူးရှိသော ရဟန်းတော်တို့ကိုပင့်၍ အိမ်၌ ရေမရောသောနို့ဆွမ်းကို ေးလှူလို၏။

WWW.DHAMMARANSI.COM



မိမိသည်လည်းဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ဆင်၍ရဟန်း သံဃာတော်တို့ နေရာအဆုံး၌ ထိုင်နေပြီး ရဟန်းတို့ဘုဉ်းပေး သုံးဆောင်၍ ကြွင်းကျန်သောနို့ထမင်းကို ရွေခွက်ဖြင့်စားသုံး လို၏။

ထို့ကြောင့် ရှင်သာရိပုတ္တရာမထေရ်မြတ်ကို ပင့်၍ ရဟန်း ငါးရာနှင့်တကွ ရေမရောသော နို့ဆွမ်းကိုကပ်ပြီး ရဟန်းတို့ အကြွင်းအကျန်ကိုစားရသဖြင့် ချင်ခြင်းကို ပြေစေ၏။

## အံ့ဖွယ်ဒါန ကျိုးဆက်ရ

သားဖွားမင်္ဂလာပြုသောနေ့၌ အရှင်သာရိပုတ္တရာမထေရ်ကို ပင့်၏။ သူငယ်ကို နံနက်စောစောက ရေချိုးပြီး တန်ဆာဆင်၍ ကျက်သရေရှိသောအိပ်ရာဝယ်အဖိုးတစ်သိန်းထိုက်သောကမ္ဗလာ ပေါ်၌ထား၏။ ထလေးသည် အရှင်သာရိပုတ္တရာမထေရ်ကို စိန်း စိန်းကြည့်၍သာနေ၏။

သီလတည်ဆောက်ရန်သူငယ်ကိုချီမ, ယူလေလျှင်သူငယ်သည် ထိုကမ္ဗလာကို လက်ချောင်းငယ်ဖြင့် ရစ်ပတ်၍ယူ၏။

ကမ္ဗလာမတော်တဆ ကပ်ငြိ၍ပါလာသည် ထင်မှတ်သော ကြောင့် ကမ္ဗလာကိုဆွဲဖယ်၏။

သူငယ်သည် ငြင်းစွာငိုကြွေး၏။

ဆွေမျိုးတို့က မငိုပါစေနှင့်ဆိုသဖြင့် ကမ္ဗလာနှင့်အတူ သူ ငယ်ကို ဆောင်ယူခဲ့၏။ သူငယ်သည် မထေရ်၏ရှေ့တော်ရောက် လျှင် ကမ္ဗလာကို လက်ဖြင့်ဆွဲငင်၍ မထေရ်၏ ခြေတော်ရင်း၌ ကျစေ၏။ ဆွေမျိုးတို့က သားငယ်က လှူဒါန်းလို၍ဖြစ်လိမ့်မည် ဟု အဖိုးတစ်သိန်း ထိုက်သော ကမ္ဗလာကို သားငယ်ဆန္ဒအရ လှူဒါန်း၏။

WWW.DHAMMARANSI.COM



သူငယ်ကို အမည်မှည့်မင်္ဂလာ ပြုသောအခါ "တိဿ" ဟု အမည်ပေး၏။ ထမင်းကျွေးမင်္ဂလာပြုသောအခါ နား၊ထွင်းမင်္ဂလာပြုသောအခါ၊ ပုဆိုးဖွဲ့မင်္ဂလာပြုသောအခါ၊ ဦးစွန်းဖွဲ့မင်္ဂလာပြုသောအခါ.... ဤသို့မင်္ဂလာပြုတိုင်း အရှင်သာရိပုတ္တရာအမှူးရှိသော သံဃာတော်ငါးရာတို့အား ရေမရောသော နို့ထမင်းကို ပေးလှူကုန်၏။

**တိဿ၏ သာမဏေဘဝ**

သူငယ် ခုနစ်နှစ်အရွယ်ရောက်လေလျှင် တိဿက မိခင်အား ရှင်သာရိပုတ္တရာမထေရ်မြတ်ထံရဟန်းပြုလိုပါသည်ဟုခွင့်တောင်း ပန်ကြား၏။

မိခင်က သား၏ အလိုဆန္ဒကို ဘယ်အခါမျှ မဖျက်ဆီးပါဟု နှလုံးသွင်းရင်းရှိသဖြင့် မထေရ်ကိုပင့်ပြီး ဆွမ်းကိုဆပ်လှူ၍ ဤသူငယ်သည် အရှင်မြတ်ထံ၌ ရဟန်းဝတ်လိုပါကြောင်း ခွင့်တောင်းပါ၏။ ညနေချမ်းအခါလ ကျောင်းသို့ တပည့်တော်မတို့ လာခဲ့ပါအံ့ဟု လျှောက်ကြားပြီး ညနေချမ်းတွင် သူငယ်ကို ကျောင်းသို့ခေါ်ဆောင်၍ မထေရ်မြတ်ထံ အပ်နှံ၏။

မထေရ်သည် တိဿသူငယ်အား (တစပဉ္စက) ကမ္မဋ္ဌာန်းကို ဟောကြားတော်မူပြီး ရှင်သာမဏေ ပြုပေးတော်မူ၏။

သူငယ်၏ မိခင် ဖခင်တို့သည် မိမိတို့၏သားအား ရှင်ရဟန်းအဖြစ် ပူဇော်သက္ကာယကိုပြုလျက် ခုနစ်ရက်ပတ်လုံး ကျောင်း၌သာလျှင်နေပြီး ဘုရားအမှူးရှိသော သံဃာတော်တို့ကို ကပ်လှူ၏။ သံဃာတော်တို့က ငါတို့ နေ့တိုင်း နေ့တိုင်း ရေမရောသော နို့ထမင်းကိုသာ သုံးဆောင်၍နေရလေသည်ဟူသော စကားပင် ဖြစ်ကြကုန်၏။

WWW.DHAMMARANSI.COM



ခုနစ်ရက် မြောက်လျှင် မိဘတို့သည် အိမ်သို့ ပြန်သွားကြကုန်၏။

## ဒါနမျိုးဆက် ရှင်သန်လျက်

ရှစ်ရက် မြောက်သောနေ့၌ သာမဏေသည် ရဟန်းတို့နှင့် အတူတကွ ဆွမ်းခံကြွ၏။

သာဝတ္ထိပြည်မှ ဒါယကာ ဒါယိကာမတို့သည် ယနေ့ တိဿသာမဏေ ဆွမ်းခံကြွမည်ဟုသိ၍ လှူဒါန်းရန် ငါးရာသောပုဆိုးတို့ဖြင့် ခေါင်းခုပြု၍ ငါးရာသောဆွမ်းတို့ကို စီရင်ပြီး လမ်းခရီးမှ ဆီးကြို၍ ပေးလှူကြကုန်၏။

နောက်တနေ့တွင်မူ ကျောင်း၏ ဥပစာသို့လာ၍ရောက်၍ ပေးလှူကြကုန်၏။

ဤသို့ဖြင့်နှစ်ရက်ဖြင့်ပင်တထောင်သော ပုဆိုးနှင့် တထောင်သော ဆွမ်းတို့ကိုရ၍ သံဃာတော်တို့အား ပေးလှူ၏။

ဤလာဘ်လှာဘကို ရခြင်းသည်ကား မဟာသေန ပုဏ္ဏားဘဝ၌ ထူထဲကောင်းမွန်သောပုဆိုးကို လှူဒါန်းရခြင်း၏ အကျိုးဆက်တည်း။

ဤအကြောင်းကြောင့်ပင် ရဟန်းတို့က တိဿသာမဏေကို "ပိဏ္ဍပါတဒါယကတိဿ" ဟူသောအမည်ကို ပြုကြကုန်၏။

## ကမ္ဗလာသကၤန်း တထောင်လှူခြင်း

တနေ့တွင် တိဿသာမဏေသည် နံနက်စောစော၌ ကျောင်းများသို့ လှည့်လည်ရာ ချမ်းအေးလှသဖြင့် မီးတင်းကုပ်၌မီးလှုံနေကြသော ရဟန်းတို့ကိုမြင်သဖြင့် အရှင်ဘုရားတို့....မီးလှုံခြင်းထက် ကမ္ဗလာကိုခြုံခြင်းဖြင့် အအေးဒဏ်ကို ကာကွယ်နိုင်ပါသည်ဟုဆို၏။

WWW.DHAMMARANSI.COM



ရဟန်းတို့ထ ငါတို့တွင် ရှေးဘုန်းရှေးကံ မရှိသဖြင့် ကမ္ဗလာ သက်န်းကို မရနိုင်ကြပါဟု ဆို၏။

သို့ဖြစ်လျှင် ကမ္ဗလာသက်န်းကို အလိုရှိကြသော ပုဂ္ဂိုလ်များ အကျွန်ုပ်တို့နှင့်အတူလိုက်ခဲ့ကြဟုခေါ်၏။

ခုနစ်နှစ်သား တိဿသာမဏေကိုမှီ၍ တထောင်မျှလောက် သော ရဟန်းတို့သည် ထွက်ကြကုန်၏။

တိဿသာမဏေ၏ စိတ်၌ ဤမျှ များပြားသော ကမ္ဗလာ သက်န်းများကို ရမှရနိုင်ပါမလားဟု စိုးစဉ်းမျှ စိုးရိမ်ခြင်းမရှိပဲ ရဟန်းတော်တို့ကို ပင့်ဆောင်ပြီး မြို့တွင်းသို့ကြွတော်မူ၏။

တိဿ သာမဏေငယ်သည် မြို့တွင်းသို့ မရောက်မီပင်လျှင် ငါးရာသောသက်န်းတို့ကို ရပေ၏။

မြို့တွင်းသို့ရောက်လျှင် လူတို့သည် ကမ္ဗလာကိုငင် လှူကြ၏။

ထိုအခါ ကမ္ဗလာငါးရာကို ဖြန့်ခင်း၍ အိမ်၌ထိုင်နေသော ကုန်သည်တယောက်အား လမ်းသွားသူ တယောက်က "သာ မဏေတပါးနှင့် ရဟန်းငါးရာတို့ ကမ္ဗလာများအလှူခံနေသည်၊ သင့်ကမ္ဗလာများ သိမ်းထားပါ"ဟုပြော၏။

"ထိုသာမဏေက လှူဒါန်းသည်ကိုသာယူသလော၊ မလှူပဲနှင့် ယူသလော"ဟုမေး၏။

"လှူလျှင်သာယူသည်၊ မလှူလျှင်မယူပါ"ဟုပြော၏။

"သို့ဖြစ်လျှင် ငါလှူချင်မှ လှူမည်၊ သိမ်းဆည်းရန် မလို"ဟု ဆို၏။

## ထူးပြတ်သောစေတနာ

ထိုနောက် စဉ်းစား၏။ ဤကမ္ဗလာများအနက်အဖိုးတစ်သိန်း ထိုက်သော ကမ္ဗလာနှစ်ထည် ရှိ၏။ ထိုကမ္ဗလာနှစ်ထည်ကို ဖုံး

WWW.DHAMMARANSI.COM



လွှမ်းသင့်၏ဟု ကမ္ဗလာအထပ်ထဲတွင် ဝှက်၍ထား၏။ သာမဏေသည် ရဟန်းတထောင်နှင့်တကွ ထိုအရပ်သို့ ရောက်လာ၏။

ကုန်သည်သည် သာမဏေကိုမြင်လျှင် သားတည်းဟူသော ချစ်ခြင်းဖြင့် ပီတိလွှမ်းသွား၏။ ကမ္ဗလာကို မဆိုထားဘိ၊ သာမဏေ အလိုရှိလျှင် နှလုံး သည်းပွတ်ကိုပင် ပေးလှူလိုသော ဆန္ဒပေါ်ပေါက်သည်ဖြစ်၍ အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာနှစ်ထည်ကိုထုတ်၍ သာမဏေ၏ခြေရင်း၌ ချထားကာ-

"အရှင်ဘုရား....အရှင်သာမဏေ မျက်မှောက်ပြုအပ်သော တရားအတိုင်း သိမြင်ရပါလို၏" ဟု ဆုတောင်း၍ ပေးလှူလိုက်၏။

သာမဏေလည်း- "အသင်ဆုတောင်းတိုင်း ပြည့်စေလော့" ဟု အနုမောဒနာပြုပေ၏။

မြို့တွင်း၌လည်း ငါးရာကုန်သော ကမ္ဗလာတို့ကိုရ၏။ ဤသို့လျှင် တနေ့တည်း၌ ကမ္ဗလာတထောင်ရသဖြင့် (ကမ္ဗလာ ဒါယကာ တိဿ) ဟူသော အမည်ကို ပေးကြပြန်၏။ (သားဖွားမင်္ဂလာနေ့က ကမ္ဗလာ လှူအပ်သော ဒါန၏ အကျိုးဆက်ပင်တည်း။)

## ဝနဝါသိက တိဿ

ဇေတဝန်ကျောင်းတော်၌ သာမဏေ တိဿ၏ ဆွေမျိုးတို့သည် မပြတ်မလပ်လာကြ၏။ လှူဒါန်းကြ၏။ ပစ္စည်းလာဘ်လာဘ ပေါများလှ၏။

သာမဏေတိဿသည် ကြံဆင်ခြင်၏။ ဤသို့သော နေ့တိုင်းညှိခံ စကားပြောနေရသော် မိမိ၏အတွက် တရားရှာချိန် မရ

WWW.DHAMMARANSI.COM



တော့၊ ဘုရားအထံ၌ ကမ္မဋ္ဌာန်း တရားကိုသင်ယူပြီး တောသို့ဝင်၍ နေရလျှင် ကောင်းလေစွဟု စိတ်ကူးမိ၏။

ဤအကြံကိုလျှောက်ထား၊ ကမ္မဋ္ဌာန်းတရားသင်ယူ၊ ဥပဇ္ဈာယ်ဆရာအား ရှိခိုးပြီးသော်၊ ဤအရပ်နှင့်နီးသော် ဆွေမျိုးများလာ၍ ပင့်ကြဦးမည်ဟု သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ကွာသော အရပ်သို့ သွား၏။

သူအို ယောကျ်ားတယောက်ကို တွေ့၍ ဤရွာ၌ တစုံတခုသော တောကျောင်းရှိပါသလောဟု မေး၏။ ထိုယောကျ်ားသည် သာမဏေကိုမြင်လျှင် ချစ်ခင်ခြင်းဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ တောတွင်းသို့ ရောက်သည့်တိုင် လိုက်ပြပေ၏။

တောကျောင်းသို့ရောက်ပြီးသော် ဒါယကာ ယောကျ်ား အရှင်ဘုရား၏အမည် မည်သို့ရှိပါသနည်း၊ နက်ဖြန်ရွာသို့ဆွမ်းခံကြွတော်မူပါဟု မေးမြန်းလျှောက်ထားပြီး၊ ရွာသို့ရောက်လျှင် ဝနဝါသိကတိဿမထေရ်မည်သောခုနစ်နှစ်ရွယ် ရှင်တပါးသည် တောကျောင်းသို့ ရောက်တော်မူ၏၊ လှူဒါန်းရန် ထမင်း, ယာဂုစသည် စီရင်ကြလော့ဟု နှိုးဆော်၏၊

(ခုနစ်နှစ်အရွယ်ကပင်ဘွဲ့အမည်လေးမျိုးရ၏။)

ရဟန္တာဖြစ်ခြင်း

နောက်နေ့ ဆွမ်းခံဝင်၏။ ဖူးတွေ့ရသူအပေါင်းတို့က ကြည်ညိုကြ၏။ လှူဒါန်းသမျှကို "သုခိတာဟောထ၊ ဒုက္ခာမုစ္စထ" ဟူ၍ ဆုပေး၏။

ဆွမ်းကို တပါးစာ မျှရုံသာ ခံယူ၏။ လူအပေါင်းတို့ သာမဏေထံဝပ်စင်း၍ ဥပုသ်သီလ စောင့်ထိန်းလိုကြပါသည်၊

WWW.DHAMMARANSI.COM



ဝါတွင်းသုံးလ ဤအရပ်၌ သီတင်းသုံးပါရန်ပင့်လျှောက်ကြ၏။ တိဿသာမဏေလည်း ပဋိညာဉ်ပေး၏။

တောကျောင်း၌ သုံးလအတွင်းမှာပင် ပဋိသမ္ဘိဒါမဂ်နှင့် တကွ အရဟတ္တဖိုလ်သို့ရောက်၏။

## အဂ္ဂသာဝကနှစ်ပါးနှင့် မဟာသာဝကတို့ ကြွလာခြင်း

ဝါလကျွတ်ခြင်းသို့ရောက်လျှင် အရှင်သာရိပုတ္တရာမထေရ်သည် တိဿသာမဏေထံသို့သွားရန် ဘုရားထံ ခွင့်တောင်း၏၊ အရှင်မောဂ္ဂလာန်ပါလိုက်မည်ဆို၍ အဂ္ဂသာဝကနှစ်ပါး အခြွေအရံ ရဟန်းတထောင်တို့နှင့် ယူဇနာ တရာ့နှစ်ဆယ်ခရီးသို့ ကြွကြ၏။

ဤနည်းအတိုင်းပင် အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ပါလိ၊ အရှင်ပုဏ္ဏ စသော အသီတိ မဟာသာဝကတို့သည် အခြံအရံ ရဟန်းငါးရာစီနှင့် ကြွလာကြကုန်၏။

ရွာသို့ရောက်၍ ဒါယကာယောကျ်ားအား တောရကျောင်းလမ်းကိုမေးလျှင် ထိုယောကျ်ားက အဂ္ဂသာဝကာ နှစ်ပါးကို မှတ်မိသူဖြစ်၍ ရွာသူရွာသားတို့အား ညောင်စောင်းအခင်းပျဉ် (ပျဉ်ပြားချပ်)ဆီမီးစသည်တို့ကို ယူဆောင်ခဲ့ကြရန် နှိုးဆော်ပြီး တောကျောင်းသို့ ကိုယ်တိုင်လိုက်ပို့၏။

တိဿမထေရ်လည်း အရှင်မြတ်တို့ကြွလာလျှင် မထေရ်ကြီး၏ သပိတ်သင်္ကန်းတို့ကို ဆီးကြိုယူငင်ပြီး သိမ်းဆည်းစဉ်လျှင်ပင် ညဉ့်အမှောင်တို့သည် ဖုံးလွှမ်း၍လာ၏။

ရှင်သာရိပုတ္တရာက ဒါယကာတို့ကို ပြန်ကြလေတော့ ညဉ့်အမှောင်ရောက်ပြီဟု မိန့်၏။

WWW.DHAMMARANSI.COM



ဒါယကာတို့ကတရားမနာပဲ မပြန်ကြပါဟုဆိုသဖြင့် ရှင်သာရိပုတ္တရာက ဆိမ်းတို့ကို ထွန်းညှိစေပြီး ရှင်တိဿအား တရားဟောကြားရန် မိန့်တော်မူ၏။

ထိုအခါ ရောက်လာကြကုန်သော ဒါယကာ ဒါယိကာမတို့က တပြိုင်နက်ထ၍-

"အရှင်ဘုရား—အရှင်တိဿသည် (သုခိတာ ဟောထနှင့် ဒုက္ခာမုဋ္ဌထ)တရားနှစ်ပုဒ်သာ သိပါသည်။ အခြားတရားများကို သိမည်မဟုတ်ပါ။ တပည့်တော်တို့အား တရားဟောကြားတတ်သော ပုဂ္ဂိုလ်ဘပါးပါးကို တရားဟောကြားစေတော်မူပါ"ဟု လျှောက်၏။

## ဆန်းကြယ်စွာ ဟောတော်မူခြင်း

ထိုအခါ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာက....

"ငါ့ရှင်သာမဏေ- (သုခိဘာဟောထ)ဆိုသည်မှာ အဘယ်ကို ဆိုလိုသည်၊ (ဒုက္ခာမုဋ္ဌထ)မှာ အဘယ်ကိုဆိုလိုသည်ကို ငါတို့အား ဟောကြားဦးလော့" ဟုမိန့်တော်မူ၏။

သာမဏေလည်း ဝန်ခံ၍ တရား ဟောကြားရာနေရာသို့ တက်၍ နိဗ္ဗာယ်ါးချပ်မှ အကျိုးကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း တခဲနက်ရွာသော မိုးကြီးကဲ့သို့ သွန်းကြဲဟောချ ခန္ဓာအာယတနဓာတ်ဗောဓိပက္ခိယတရားတို့ကို ပေဖန်လျက် အရဟတ္တဖိုလ်ကို အဟွတ်ဘပ်၍ ဟောကြားတော်မူရာ ပရိသတ်မှာထိတ်ငြိမ်စွာ နာယူနေကြ၏။

ထို အရှင်သာရိပုတ္တရာအား 'သရဘညဝတ်' ကို ရွတ်စေရာ သရဘညဝတ်ကို ရွတ်နေစဉ်ပင် အရုဏ်ကျင်း၍ အလင်းသို့ ရောက်၏။

WWW.DHAMMARANSI.COM



## အမြင်နှစ်မျိုးနှင့် နှစ်စုကွဲခြင်း

တရားဆုံးသော် သာမဏေ၏ ဒါယကာ ဒါယိကာမတို့ နှစ်စု ကွဲကြလေကုန်၏။ တစုကား ငါတို့ ဤမျှ ဂုဏ်ကျေးဇူးရှိသော အရှင်ကို လုပ်ကျွေးသမှုပြုကြရကုန်၏ဟု ဝမ်းသာကြ၏။

ကျန်တစုကား ဤမျှလောက်ကာလပတ်လုံး စေတနာသဒ္ဓါ ထားရှိ လုပ်ကျွေးကုန်သော သူတို့အား သိမြင်လျက်နှင့် တရား တပုဒ်မျှ မဟောကြားခဲ့သည်မှာ ရက်စက်လှ၏ဟု အမျက်ထွက် ကြကုန်၏။

## မြတ်စွာဘုရား ကြွတော်မူခြင်း

ထိုနေ့ မိုးသောက်သောအခါ မြတ်စွာဘုရား သခင်သည် လောကသုံးပါးကို ကြည့်တော်မူလျှင် ဝနဝါသိက တိဿ သာ မဏေ၏ ဒါယကာ ဒါယိကာမတို့ နှစ်ဖို့နှစ်စုကွဲနေကြ၏၊ အမျက် ထွက်သူတို့သည် ငရဲသို့ကျရောက်ဖို့ရာရှိသည်။ ငါဘုရား ကြွသွား ခြင်းငှါ အပ်၏၊ သာမဏေအား မေတ္တာသက်ဝင်စေပြီး ဆင်းရဲ အပေါင်းမှ လွတ်ကင်းကြကုန်လတံ့ဟု ဆင်ခြင်တော်မူ၏။

လူအပေါင်းတို့သည် ရွာသို့ပြန်၍ ဆွမ်းအလို့ငှါ စီရင်၍ နေရာခင်းကျင်းကြ၏။ ရဟန်းတော်တို့လည်း ဆွမ်းခံချိန်တန်၍ ကြွတော်မူ၏၊ တိဿသာမဏေက တပည့်တော် နောက်မှ ကြွခဲ့ ပါမည်ဆို၏။

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ပင် သင်္ကန်းကို ရုံတော်မူ၍ သပိတ်တော်ကိုယူတော်မူပြီးသောအခါ တခုသော စိတ္တက္ခဏာဖြင့်ကြွသွားတော်မူပြီး ကိုယ်တော်ကို ထင်ရှားပြတော် မူ၏။ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွတော်မူလာသည် ဟု

WWW.DHAMMARANSI.COM



လူအပေါင်းတို့ အုတ်အုတ်ကျက်ကျက် ဖြစ်ကြပြီး ရွှင်လန်းနှစ်သက် တက်ကြွကုန်ကြ၏။ ဆွမ်း ယာဂုတို့ ကပ်လှူကြ၏။ တိဿသာမဏေသည် ဘုရားအမှူးရှိသော သံဃာတော်တို့ ဆွမ်းစားခြင်းကိစ္စ မပြီးမီ ကြွလာ၏။

## အနုမောဒနာ

မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာကို ပြုတော်မူလျက်

''ဒါယကာ ဒါယိကာမ အပေါင်းတို့... သင်တို့သည် သာမဏေကို အမှီပြုပြီး ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်ကဿပ၊ ရှင်အနုရုဒ္ဓ ဟူသော အသီတိ သာဝကတို့ကို ဖူးမြော်ရကုန်၏။ အသင်တို့သည် ထူးမြတ်သောပုဂ္ဂိုလ်ကို ရအပ်လေပြီ''

ဟူ၍ မိန့်တော်မူသော စကားကို လူအပေါင်းတို့ ကြားသိရသလျှင်အားရဝမ်းသာဖြစ်ကြရပေ၏။ အမျက်ထွက်ကြသော အချို့ဒါယကာတို့သည်း ရှေးကသက် နှစ်ဆတိုး၍ ကြည်ညိုမြတ်နိုးကြကုန်၏။ အနုမောဒနာအဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

## မျက်ရည် သမုဒ္ဒရာ

မြတ်စွာဘုရားသည် တိဿသာမဏေနှင့်အတူ ကြွသွားတော်မူယင်း လမ်းခရီးအရပ်ဒေသတို့ကို မေးတော်မူ၏။ သာမဏေ၏ နေရာဌာနသို့ရောက်၍တောင်ထိပ်သို့ကြွသွားတော်မူပြီး၊ တောင်ထိပ်မှ သမုဒ္ဒရာကို မြင်ရသဖြင့်-

''ချစ်သား တိဿ... ဤသမုဒ္ဒရာကို မြင်ရသောကာလ သင်၏စိတ်၌ အဘယ်သို့ဖြစ်ပေါ်သနည်း''

''မှန်လှပါ... ဘဝသံသရာ ကျင်လည်ခဲ့ရာ၌ ကိုယ်စိတ် နှစ်ဖြာ စိုးရိမ်ပူဆွေးငိုကြွေးခဲ့ရသော မျက်ရည်တို့သည် ဤသမုဒ္ဒရာ

WWW.DHAMMARANSI.COM



လေးစင်းမျှ မကပါဘကားဟု ထင်မြင် အောက်မေ့မိပါသည် အရှင်မြတ်ဘုရား''

''ဆာခု-သာခု- ချစ်သားတိဿ''

''ချစ်သား တိဿ....အသင်သည် ဘယ်မှာနေသနည်း''

''ဤတောင်ဝှမ်း၌သာ နေပါသည် ဘုရား''

''အဘယ်သို့သော အောက်မေ့ကြံစည်ခြင်း ဖြစ်သနည်း''

''အရှင်မြတ်ဘုရား.... ဤတောင်ဝှမ်း၌ နေသော ငါသည် သံသရာဘလျှောက်ဝယ် သေလွန်ခြင်းကြောင့် စွန့်ပစ်ရသော ငါ၏ခန္ဓာကိုယ်အပုပ်ကောင်သည် ဤတောင်ဝှမ်း၌ပင် ရေတွက် ပိုင်းခြားနိုင်ခြင်းမရှိဟု အောက်မေ့ ကြံစည်မိပါသည် ဘုရား''

''ချစ်သား တိဿ....အသင် အောက်မေ့ကြံစည်တိုင်း ဟုတ် မှန်လှပေ၏''

ဟု မိန့်တော်မူ၍ ဒုကနိပါတ်၊ဥပသာလိကပုဏ္ဏားကြီးဇာတ် ၌ ဟောကြားတော်မူသော(စတ္တုသုသမုဒ္ဒေသု) ဂါထာတော်နှင့် (ဥပသာလိက နာမာနိ)အစရှိသော ဂါထာတော် နှစ်ပုဒ် တို့ကို ဆောင်၍ ဟောတော်မူပြန်၏။

ထိုနောက် မြတ်စွာဘုရားက-

''ချစ်သား တိဿ....ဤတောအုပ်၌နေသော သားသတ္တဝါ တို့၏ အသံကိုကြားသဖြင့် သင်၌ကြောက်ရွံ့ခြင်းဖြစ်သလော''

''အရှင်မြတ်ဘုရား.... ကြောက်ရွံ့ခြင်း မရှိပါ၊ ဤအသံကို ကြားသောအခါ ပျော်တည်းဟူ၍သိပြီး မွေ့လျော်ခြင်းဖြစ်မိ ပါသည်ဘုရား''ဟု ဂါထာခြောက်ဆယ်မျှဖြင့်''ဝနဝဏ္ဏ'' မည် သော တော၏ဂုဏ်ကျေးဇူးတို့ကို ရွတ်ဆို၏။

''ချစ်သား တိဿ''

WWW.DHAMMARANSI.COM



“ဘုန်းတော်ကြီးဘော်မူသော အရှင်မြတ်ဘုရား”

“ငါတို့သည် ပြန်သွားတော့အံ့၊ သင်သည် ငါတို့နှင့်အတူ လိုက်အံ့လော၊ နေခဲ့အံ့လော”

“တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ အမိန့်တော် အတိုင်းပါဘုရား”

မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာ အပေါင်းနှင့်တကွ ပြန်လည် ကြွသွားတော်မူ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် တပည့် တိဿ သာမဏေ ဤအရပ်၌ပင် နေရစ် လိုသည်ကို သိတော်မူသဖြင့်-

“ငါ့ချစ် တိဿ... ပြန်လည်နေလိုသောဆန္ဒရှိမူကား ပြန်လေလော့”ဟု မိန့်တော်မူ၏။

တိဿသာမဏေသည် မြတ်စွာဘုရားသခင်ကိုလည်းကောင်း၊ ရဟန်းသံဃာအပေါင်းကိုလည်းကောင်း၊ ရှိခိုးပြီးသော် မိမိနေရာ တောင်ဝှမ်းသို့ ပြန်လည်နေရစ်ခဲ့သတည်း။

## သာမဏေကျော် မည်ခေါ်တွင်ရ ရှင်တိဿ

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်သို့ရောက်သောအခါ တရားသဘင်၌ သံဃာတော်တို့သည်-

“ငြော်....အံ့ဖွယ်ရှိစွတကား၊ ဝနဝါသီတိဿသာမဏေသည် ဤအရပ်၌နေသောအခါ များစွာသော လာဘ်လာဘတို့သည် အလိုရှိတိုင်းရပေ၏။ ဤပူဇော်သက္ကာရလာဘ်လာဘတို့ကို စွန့်ပြီး တောသို့ဝင်၍ သစ်သီးသစ်ရွက်ဖြင့် ချက်ပြုတ်အပ်သော အာဟာရဖြင့် ရောင့်ရဲမျှတနေနိုင်ပေသည်။ သာမဏေသည် ပြုနိုင်ခဲသောအမှုကို ပြုလေစွတကား”ဟု ပြောဆိုချီးမွမ်း၍နေကြ၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



မြတ်စွာဘုရား ကြွလာသောအခါ အဘယ်စကားများပြော ဆိုနေကြသနည်းဟု မေးတော်မူလျှင် (သာမဏေကျော် နည်း ခေါ်တွင်ရ ရှင်တိဿ အကြောင်း) ပြောဆိုနေကြပါသည်ဟု လျှောက်ထားသေးသောအခါ မြတ်စွာဘုရားသခင်က တရား တော်ကို ဟောကြားလိုသောကြောင့်-

၇၅။ အညာ ဟိ လာဘူပနိသာ၊
အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊
ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိ နန္ဒေယျ၊
ဝိဝေကမနုဗြူဟယေ။

၇၅။ လာဘ်လာဘကို ရလိုကြောင်း အကျင့်သည် တပါးတည်း။
နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်သည်ကား တပါးသာတည်း။
ထို အကျင့်တရား နှစ်ပါးကို ထူးသောဉာဏ်ဖြင့် သိ၍၊ ဘုရားရှင်၏ တပည့်သာဝက ဖြစ်သော ရဟန်းမြတ်သည် ပူဇော်သက္ကာရ လာဘ်လာဘကို မနှစ်သက်ပေရာ။ ဆိတ် ငြိမ်လေရာ တောတောင်သာ၌ အဖော်မမှီး တကိုယ်တည်း နေ၍ ကျင့်စဉ်တရား အမှန်ပွားများရာ၏။

မြတ်စွာဘုရားနှင့်တကွ အဂ္ဂသာဝက အသီတိ သာဝကတို့ ကိုယ်တိုင် ကြွရောက်ချီးမြှင့်အပ်သည်ဖြစ်၍ (ပွဲလမ်းအကြောင်း ထူးရှိ၍) သာမဏေကျော်ဟု သမုတ်ကြ၏။

(ဓမ္မပဒ ပါဠိတော် တဆယ့်ငါးခုမြောက် ဖြစ်သော တိဿ သာမဏေဝတ္ထု ခေတ်မီ ဓမ္မပဒ ဒုတိယတွဲ စာမျက်နှာ ၂၇၈) ပြီး၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

# ၂။ ပဏ္ဍိတသာမဏေဝတ္ထု

## နှင့်

## (မဟာဒုက် အတိတ်ဇာတ်)

လယ်သမားသည် မြောင်းသွယ်၍ ရေသယ်ယူပြီး
စိုက်ပျိုး၏။
မြားသမားသည် မီးဖြင့် မြားတံကို ဖြောင့်အောင်ပြု၏။
သစ်ရွေသမားသည် သစ်တိုကိုရွေ၏။
ပညာရှိသည် မိမိတို့ကိုယ်ကို ဆုံးမ၏။

ဤဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ ပဏ္ဍိတသာမဏေကို ရည်ညွှန်းဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

(အတိတ်ဇာတ်)

ကဿပဘုရားရှင်သည် ရဟန္တာနှစ်သောင်းဖြင့် ဗာရာဏသီပြည်သို့ ကြွချီတော်မူ၍၊ မြို့နေသူတို့က တတ်အားသမျှ ဆွမ်းလုပ်ကျွေးကြ၏။ ဆွမ်းစားပြီးသောအခါ တရားအနုမောဒနာ ပြုတော်မူရာတွင်-

ဒါယကာ၊ ဒါယိကာမအပေါင်းတို့....

(၁) အချို့သော သူတို့သည် မိမိပစ္စည်းကိုသာ ပေးလှူလို၏။ သူတပါးကို တိုက်တွန်းခြင်းမပြုကြ။

ထိုသူသည် ဖြစ်ရာဘဝ၌ စည်းစိမ်ချမ်းသာ ပြည့်စုံ၏။ အခြွေအရံမရှိပေ။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



(၂) အချို့သောသူတို့သည် သူတပါးကိုပေးလှူရန် တိုက်တွန်း၏။ မိမိ ကိုယ်တိုင်မူ မပေးလှူ။

ထိုသူသည် ဖြစ်ရာဘဝ၌ စည်းစိမ်ချမ်းသာမရ၊ အခြွေအရံကား ပေါများ၏။

(၃) အချို့သောသူတို့သည် မိမိပစ္စည်းကိုလည်းမလှူဒါန်း၊ သူတပါးကိုလည်း တိုက်တွန်းခြင်းမပြု။

ထိုသူသည် ဖြစ်ရာဘဝ၌ စည်းစိမ်ချမ်းသာလည်း မပြည့်စုံ၊ အခြွေအရံလည်းမရှိ။

(၄) အချို့သောသူတို့သည် မိမိလည်း ပေးကမ်းလှူဒါန်း သူတပါးကိုလည်း တိုက်တွန်း၏။

ထိုသူသည် ဖြစ်ရာဘဝ၌ စည်းစိမ်ချမ်းသာလည်း ပြည့်စုံ၏။ အခြွေအရံလည်းပေါများ၏''

ဟု မိန့်မြွက်တော်မူ၏။

## သံဃာနှစ်သောင်း ဆွမ်းလှူခြင်း

ဤသို့ ဟောကြားသည်ကို ကြားနာရသော ပညာရှိသော ယောကျ်ားတယောက်သည် မြတ်စွာဘုရားထံချဉ်းကပ်၍ ရဟန်းအားလုံးနှင့်တကွ နက်ဖြန်ခါ တပည့်တော်တို့၏ ဆွမ်းကို ခံယူတော်မူပါကုန်လော့ဟု လျှောက်ထား၏။

ထိုယောကျ်ားသည် အခွင့်ကိုရလေလျှင် မြို့တွင်းသို့လှည့်၍ ဆော်ဩ၏။

လူအပေါင်းတို့သည် သံဃာ ဆယ်ပါး၊ နှစ်ဆယ်၊ ငါးဆယ်၊ တရာ စသည်ဖြင့် စာရင်းပေးလှူ၏။ ထိုသူသည် စာရင်းတို့ကို ရေးမှတ်ထား၏။

WWW.DHAMMARANSI.COM



## မဟာဒုက်ဘဝ

ဗာရာဏသီပြည်၌ မဟာ ဒုက် သူဆင်းရဲသည် ရှိ၏။

ဆော်ဩသူသည် မဟာဒုက်ကို မြင်၍ ဆွမ်းကျွေး အလှူ အဘွက် တိုက်တွန်း နှိုးဆော်၏။

မဟာဒုက် လင်မယားသည် ထမင်းကိုပင် မစားနိုင်၊ ဆန်ကို ပြုတ်၍ စားရသောသူဖြစ်၏။

နက်ဖြန်အဘွက် ပြုတ်စားရန် ဆန်တစေ့ပင် မရသေး။ သို့ဖြင့် သံဃာတော်တို့ကို ဆွမ်းကျွေးရန် မတတ်နိုင်ပါဟုဆို၏။

ထို ယောကျ်ားက- "အချင်း မဟာဒုက်....မရှိ၍ မလှူလျှင် မလှူ၍ မရှိသည်သာ ဖြစ်မြဲ ဖြစ်ပေအံ့၊ ယနေ့ လက်ခ စားဖြင့် ကြိုးစားလျှင် နက်ဖြန် သံဃာတပါးစာ ရနိုင်ကောင်းပါ၏"ဟု နှိုးဆော်၏။

မဟာဒုက်သည် ထိုသူ၏ စကားကို သဘောလည်း ပေါက်၊ စေတနာသည်းရောက်သဖြင့် သံဃာတပါးကို စာရင်းပေး၏။

သံဃာအများ ယူနေကြသည့်အကြားမှ တပါးတည်း ယူသူ မို့ အရေးမကြီးဟု စာရင်းမတင်ပဲ ထားမိလေ၏။

## မဟာဒုက် မယား စေတနာ

အိမ်သို့ရောက်လျှင် မဟာဒုက်က သံဃာတပါး စာရင်းယူခဲ့ကြောင်းပြောပြလျှင် မယားက အားရဝမ်းသာပင် ရှေးဘဝက မလှူခဲ့၍ ယခုဘဝ ဆင်းရဲရသည်။ ငါတို့ နှစ်ဦးစလုံး ယနေ့ အခစားလုပ်၍ ကြိုးစားရှာကြံကြမည်ဟု နှစ်ယောက် လမ်းခွဲကာ သံဃာတပါး တနပ်စာအတွက် ကြိုးစားရှာကြလေ၏။

မဟာဒုက်သည်သူဌေးတဦးထံသို့ရောက်လျှင် ထင်းခွဲရသော

WWW.DHAMMARANSI.COM



လက်ခစားအလုပ်ကိုရသဖြင့် အားရဝမ်းသာ မရပ်မနားကြိုးစား ပျော်ရွှင်စွာလုပ်နေ၏။ သဌေးကြီးက တအံ့တဩပင်-

"အမောင်လုလင်....ယနေ့တွင်မှ ဝိသေသထူးခြား ကြိုးစား လှချည့်လား"

"မှန်ပါတယ် သဌေးမင်း....နက်ဖြန် သံဃာတော် ၀ ပါး ဆွမ်းပင့်လို့ ထားသည်မို့ ဟင်းလျာများ ထောင်းကောင်း လောင်းလှူနိုင်ဖို့အရေး ချွေးကိုအရင်းပြုပြီး ကြိုးစားသမှုပြုရပါ တယ်"

မဟာဒုက်ပြောစကား သဌေးမင်းကြားလေလျှင် ကြည်ရွှင် သဒ္ဓါ ဝမ်းမြောက်စွာဖြင့် ထင်းပေါက်ခအတွက် သလေးဆန် တကွမ်းစားပေးပြီးမှ နောက်ထပ်တဖန် လေးကွမ်းစားမျှသော သလေးဆန်ကို ကြိုးစားမှုဆုအဖြစ် နှစ်သက်စွာပေးလေ၏။

မဟာဒုက်မယား

မဟာဒုက်မယားသည်လည်း သံဃာတော်တပါးစာအတွက် ကြိုးစား၍ရှာမည်ဟု လာခဲ့ရာ၊ သဌေးမ ဘဦး အိမ်၌ မောင်း ထောင်း ဆန်ပြာ လက်ခစားအလုပ်ကို ရရှိလေရာတွင် ဝမ်းသာ အားရ သီချင်း ဘကြော်ကြော်သီဆိုကာ ခြေရောလက်ပါ မနား တမ်း လုပ်ကိုင်နေသည်ကို သဌေးမမြင်လေလျှင်-

"အသင်...ဒီနေ့ အလုပ်ကြိုးစား သီချင်းများပင် ဆိုကာ အယင်အခါများထက် အလုပ်တွင်ကျယ် ဘယ်လိုများ၊ဖြစ်လို့ လဲ"ဟု မေးမြန်းသည့်အခါ

"အချင်မ....ကျွန်တော်မတို့အိမ်မှာ နက်ဖြန်ခါ သံဃာ ဘပါး ဆွမ်းပင့်လို့ ထားတာမို့ အားရရွှင်ကြည် သီချင်းဆိုမိပါသည်။

WWW.DHAMMARANSI.COM



ကြိုးစားဘာသာ လုပ်အားခပိုလို့ရယင်ဖြင့် ပိုလို့သာလှူနိုင်အောင် ကြိုးစားရဘာပါ အရှင်မ''

မဟာဒုက်မယား ပြောစကားကို ကြည်ညိုနှစ်သက် သဒ္ဓါတက်၍ ထောပတ်အိုးငယ်၊ နို့ဓမ်းအိုး၊ချင်း၊ငြုပ်၊ကြက်သွန်နှင့် ဆန်တကွမ်းစားကို ပေး၏။

လင်မယားနှစ်ယောက်တို့ အိမ်၌ ဆုံမိကြလျှင် နှစ်ဦးသား ရသမျှပေါင်းစပ်၍ကြည့်ကြကာ ဝမ်းသာအားရ ရှိကြလေ၏။

နောက်တနေ့နံနက်စောစော အိပ်ရာမှထပြီး မဟာဒုက်အား ဟင်းရွက်ကို ဝယ်ခိုင်းလေရာ၊ ဈေးမှာမရ၍ မြစ်ထမ်းသို့ သွားရောက်ပြီး သီချင်းတကြော်ကြော်နှင့် ဟင်းရွက်တို့ကို ဆွတ်ခူးနေသည့်မဟာဒုက်ကို တံငါသည်မြင်လေလျှင်-

"အို-မဟာဒုက်....သီချင်းသံသာသာနှင့် ဟင်းရွက်ရှာထွက်သည်မှာ ထူးလှပါဘိ''ဟု နှုတ်ခွန်းဆက်လေလျှင်-

''ရဟန်းတပါး ဆွမ်းပင့်၍ထားသည်မို့ ဟင်းရွက်ကိုဖွေရှာခူး၍နေပါသည်''ဟု ဆိုလေလျှင်-

''ရဟန်းတော် အရှင်တို့မှာ မွန်မြတ်သော ဘောဇဥ်ကိုသာ ဘုဥ်ပေးသုံးဆောင်ရသည်။ သင်၏ ဟင်းရွက်ကို အဘယ်မှာ နှစ်သက်ပါအံ့နည်း''

''အို-မိတ်ဆွေ တံငါသည်၊ငါ့တွင် ဤမျှတတ်နိုင်လှ၍ ရသမျှနှင့် လှူဒါန်းရပါဘော့သည်'' ဆို၏။

တံငါသည်က ဒီလိုဆိုယင် ဤငါးတို့ကို အကြီးအငယ်အရွယ်အလိုက် ရွေးချယ်စုပုံ၍ပေးပါ၊သင့်အတွက် ငါးဟင်းစား ပေးပါမည်ဟု ပြော၏။

WWW.DHAMMARANSI.COM



မဟာဒုက်သည် ဟင်းရွက်မခူးတော့ပဲ ဝမ်းသာအားရ ငါး များကို အရွယ်ကြီးငယ် ရွေးချယ်စုပုံ၍ ပေးနေရာ၊ သံဃာ နှစ်သောင်း တမြို့လုံး လှောင်းလှူ ကြမည့်နေ့မို့ ငါးအပုံကြီးမှာ တခဏနှင့် ကုန်သွားတော့၏။

ထိုအခါ တံငါသည်က သင့်အတွက်ပေးရန် ဟင်းစားပင် မကျန်သော်လည်း ပူပန်ခြင်းမရှိပါနှင့် ငါ့အိမ်အတွက်ငါးကြင်း လေးကောင် သဲမြေသောင်မှာ တူးမြှုပ်၍ထားပါသည်။ဖော် ယူ၍သွားပါတော့ဟု မဟာဒုက်အား ပေးလိုက်လေ၏။

## ကဿပဘုရားရှင် ရှုမြင်တော်မူခြင်း

ကဿပဘုရားသခင်သည် နံနက် စောစောထကာ လောထကို ကြည့်တော်မူရာ မဟာဒုက် လင်မယားတွင် တပါးမျှသော ရဟန်းအတွက် ဆွမ်းချက်ရန် လုံးပမ်းနေသော်လည်း စာရင်းတွင် တင်မထားသဖြင့် ရဟန်း တပါးမှ ရအံ့သည် မမြင်သောကြောင့် ထိုလင်မယားကို ကြင်နာသနား ကရုဏာအား ကြီးတော်မူသဖြင့် မဟာဒုက် လင်မယားအား ချီးမြှင့်အံ့ဟု ဆင်ခြင်တော်မူလျက် ဂန္ဓကုဋိတိုက်သို့ ကြွ၍ဝင် သီတင်းသုံး၍ နေတော်မူ၏။

## ထမင်းချက်သော သိကြားမင်း

မဟာဒုက်သည် ငါးကြင်းကိုဆွဲ၍ အိမ်ထဲသို့အဝင် သိကြား မင်းစံရာ မြကျောက်ဖျာသည် တင်းမာပူလောင်သော အခြင်း အရာဖြစ်၏။

သိကြားမင်းက ကြည့်ရှုသော် သံဃာတော့်တပါး ဆွမ်း ကျွေးရန် အားခဲသားသော မဟာဒုက် လင်မယားမှာ ဘုရား မြတ်စွာ၏ချီးမြှင့်မှုကို ခံယူရရာသောအကြောင်း ထပ်လောင်း၍

သိရသဖြင့် ဆင်းရဲသား မိလက္ခုတွင် ယာဂုံဆွမ်းနှင့် ဟင်းရွက်သာ ပေးလှူနိုင်ရာ၏၊ မြတ်စွာဘုရား အတွက် ငါကိုယ်တိုင်ဆင်း၍ ထမင်းဟင်းချက်မှ တော်တော့မည်ဟု အခစား ထမင်းချက်သမားအသွင် ဆင်ယင်လျက် မဟာဒုက် အိမ်ရှေ့တွင် ရပ်တည်၏။

ငါသည်ကား အရသာစုံအောင်ချက်ပြုတ်နိုင်သောသူတည်း အခစားဖြင့်ထမင်းချက်ရန် ဤမြို့သို့ ငါလာခဲ့ပါသည်ဟု ဆိုလေလျှင် မဟာဒုက်က ရဟန်းတပါးစာအတွက် သင်ချက်ပြုတ်ပေးသည်ကို အလိုရှိပါ၏၊ သို့ပါသော်လည်း အခ ကြေးငွေပေးရန်ကား မတတ်နိုင်ပါဟု ဆိုလေ၏။

တပါးစာသော ရဟန်းအတွက် ဆိုပါလျှင် ခဏသာလျှင်ကြာပါမည်၊ ငါ့အတွက် အခကြေးငွေမလိုပါ ကုသိုလ်အဖို့သာလိုပါသည်ဟု မီးဖိုသို့ ဝင်ကာ ချက်ပြုတ် နေရာမှ အချင်းမဟာဒုက် သင်သွား၍ ရဟန်းတော်ကို ပင့်ပါချေလော့ဟု လွှတ်လိုက်၏၊

## ရဟန်းတပါး မရခြား၍

မဟာဒုက်လည်း စာရင်းကိုင် နိမ့်ဗွာန်ဆော်ထံ ရဟန်းတပါးတောင်းခံရန် သွားရာတွင် ယမန်နေ့က စာရင်းမသွင်းမိသဖြင့် ရဟန်းတော်တပါးမျှရရန်မရှိတော့၊ သူတပါးအိမ်မှထုတ်ဆောင်ပေးရန်လည်း မဖြစ်နိုင်ကြောင်းသိရသောအခါ မဟာဒုက်ခမျာခဲလေသမျှ သဲရေကျဖြင့် ပမ်းနည်းလှိုက်ယှဲ့စွာ ငိုကြွေးလေ၏။

နိမ့်ဆော်သူ စာရင်းကိုင်လည်း မကြံနိုင်တော့သဖြင့် မဟာဒုက်အား (မြတ်စွာဘုရား တပါးသာ ပင့်ဆောင်ရန် ကျန်တော့သည်၊ ဂန္ဓကုဋိတိုက်၌ စံနေတော်မူသည်ကို ရလိုရငြား သင်သွား

WWW.DHAMMARANSI.COM



၍ ပင့်ချေလော့၊ သင့်တွင် ကောင်းမှုကံရှိပါက သပိတ်တော် ရလတံ့)ဟု ညွှန်ကြား၍ လွှတ်လိုက်၏။

မဟာဒုက်လည်း ဘုရားကျောင်းတော်အဝသို့ ချဉ်းကပ်၍ သွားလေရာ ပြည့်ရှင်မင်းနှင့်တကွ မင်းသားများ၊ အမတ်များ၊ စစ်သူကြီးများသည် ဘုရားသခင်ကြွတော်မူလျှင် ပင့်ဆောင်ရန် အဆင်သင့် စောင့်မျှော်၍ နေကြသည်ကို မြင်လေရာ၊ မဟာဒုက် မှာ အနားသို့ မရဲဘရဲနှင့် ချဉ်းကပ်၍သွားလေ၏။

## သပိတ်တော်ကို ရခြင်း

ဖာထေးစုတ်ညစ် ခါးအဝတ်နှင့် စစ်သူကြီးများ၊ မင်းသားများကြားသို့ ဝင်လာသော မဟာဒုက်ကို (ကျောင်းတွင် ထပ်နား၊ စားကြွင်းစား) ဟု အထင်မှားကာ ဆွမ်းစားချိန် မဟုတ်သေးပဲ လာရမည်လားဟု ဆိုကြ၏။ မဟာဒုက်က ဘုရားသခင် ကို ကြည်ညိုလွန်း၍ လာရပါသည်ဟု ပြောကာ ဂန္ဓကုဋိတိုက် လှေကားခုံ၌ ဦးခေါင်းကို ထားပြီး ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍ ဂန္ဓကုဋိတိုက်တံခါးအပြင်မှ တိုးတိုးပင်လျှောက်ကြား၏။ မဟာဒုက်လျှောက်ထားသံကြားသဖြင့် မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက် တံခါးကို ဖွင့်တော်မူ၏။

ရှင်ဘုရင်နှင့် မှူးမတ်များ၊ စစ်သူကြီးများ၊ သဌေးကြီးများ က ဘုရားသခင် သပိတ်တော်ကို ဘယ်သူ့အား ပေးအပ်မလဲ ဟု တထိတ်ထိတ်နှင့် လှမ်းယူရန် ဟန်ပြင်နေကြ၏။ မြတ်စွာ ဘုရားသခင်သည် လှေကားခုံခြေရင်းမှ သူဆင်းရဲ မဟာဒုက်၏ လက်သို့ သပိတ်တော်ကို ပေးလိုက်၏။

WWW.DHAMMARANSI.COM



## ဘုရင်မင်းမြတ် အကဲခတ်

မင်းနှင့်တကွသော မင်းသားများ၊ အမတ်၊ စစ်သူကြီးများသည် အံ့အားသင့်၍ နေကြကုန်၏။ ဘုရားကိုယ်တိုင် လက်တော်နှင့် ပေးသော သပိတ်ဖြစ်၍ အာဏာနှင့်ယူခြင်းငှါလည်း မစွမ်း၊ သို့ဖြင့် သပိတ်တော်ကို အဖိုးအခကြီးစွာပေး၍ ဝယ်ကြ၏။ မဟာဒုက်ကလည်း မည်မျှပေးပေး မရောင်းဟုဆိုသဖြင့် လက်လျှော့ကာ ပြန်သွားကြတော့၏။

ရှင်ဘုရင်က လက်မလျှော့၊ ဤသူဆင်းရဲသားအိမ်တွင် ဟင်းကောင်းကျွေးကောင်း ရှိမည်မဟုတ်။ ထိုအခါမှ ဘုရားသခင်ကို နန်းတော်သို့ ပင့်ဆောင်အံ့ဟု နောက်မှ အစဉ်လိုက်၏။ မဟာဒုက်အိမ်မှ သိကြားမင်းသည် လူဖွယ်ဘောဇဉ်တို့ကို အသင့်ပြင်ထား၏။ မြတ်စွာဘုရား နေရာတော်တို့ကို ခင်းထား၏။

မဟာဒုက်အိမ်သည် တဲကုပ်မျှဖြစ်၏။

ဘုရား၏ အရပ်တော်သည် တံခါးနှင့်မလွတ်၊ သို့သော် ဘုန်းတော်ကြောင့် မြေသည် နိမ့်၍ အိမ်သည် မြင့်သွား၏။

မြတ်စွာဘုရား ပြန်ကြွတော်မူမှ မြေနှင့်အိမ်တို့သည် ပကတိအတိုင်း ပြန်တည်၏။

ရှင်ဘုရင်သည် ဟင်းလျာညံ့လျှင် နန်းတော်သို့ ပင့်ဆောင်သွားရန် အကြံဖြင့် တစေ့တစောင်း အကဲခတ် ကြည့်သည်ကို သိကြားမင်းသိ၍ ခဲဖွယ်ဘောဇဉ်တို့ကို ဖွင့်လှစ်ပြပေ၏။

ထူးကဲသော ငါးကြင်းသား ဟင်းရနံ့တို့သည် တမြို့လုံးကို ကြိုင်လှိုင်ပျံ့နှံ့လေ၏။ ဘုရင်မင်းမြတ်လည်း တကြိမ်မှ မမြင်ဘူးသော ထူးကဲသော ဘောဇဉ်ကို တွေ့မြင်ရပြီး လက်လျှော့ကာ ပြန်သွားလေသတည်း။

WWW.DHAMMARANSI.COM



## ရတနာမိုး ရွာသွန်းဖြိုး

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူ၍ အနုမောဒနာပြုပြီး ကြွတော်မူရာ သိကြားမင်းက အရိပ်အခြည်ပြ၍ မဟာဒုက်သည် သပိတ်တော်ကိုထမ်းပြီး နောက်မှလိုက်၏။ သိကြားမင်းလည်း နောက်တော်မှအနည်းငယ်လိုက်ပြီး ပြန်ဆုတ်လာ၍ မဟာဒုက်၏ အိမ်တံခါးဝမှရပ်လျက် ကောင်းကင်ကိုကြည့်ရှု၏။

ထိုအခါ၌ပင်လျှင် ရတနာခုနစ်ပါး မိုးသည် ရွာ၍ မဟာဒုက် အိမ်၌ အိုးခွက်အားလုံးနှင့် တအိမ်လုံးပင် ပြည့်လျှံစေသဖြင့် လူနေရန်ပင် နေရာမရှိ ဖြစ်လေ၏။

မဟာဒုက်မယားသည် အိမ်ပြင်ထွက်၍ ရပ်နေ၏။

မဟာဒုက်ပြန်လာလျှင် တအိမ်လုံး ရတနာခုနစ်ပါးနှင့်ပြည့်နေ၍ ဒါနအကျိုးပေးလေပြီဟု သိ၏။

ချက်ချင်းပင် နန်းတော်သို့ သွားရောက်၍လျှောက်ထား၏။

မင်းကြီးလည်းလှည်းတထောင်စေလွှတ်၍ နန်းတော်ရင်ပြင်ပေါ်၌ပုံစေ၏။ ထန်းပင် ပမာဏမျှမြင့်၏။ မြို့သူမြို့သားတို့သည် ဤမျှများပြားသော ရတနာတို့ကို မမြင်ဘူးကြပေ။ ထို့ကြောင့် မဟာဒုက်အား သဌေးကြီးရာထူးကို ပေး၏။

ထိုနောက် ရှေးက သဌေးကြီးနေဖူးသော နေရာကို ပေး၍ တိုက်အိမ်ဆောက်စေ၏။ မြေကြီးကိုတူးသောအခါ ရှေးကမြှုပ်ထားသော ရွှေအိုးတို့ပေါ်ကွဲ၍ထွက်၏။ ဘုရင်က အသင်၏ ကောင်းမှုကြောင့် ရပေသည်ဟု မဟာဒုက်ကိုပင်ပေး၏။

မဟာဒုက်လည်း အသက်ထက်ဆုံး ကောင်းမှုဒါနပြု၍၊ သေလျှင် နတ်ပြည်ရောက်၏။

WWW.DHAMMARANSI.COM



# ပဏ္ဍိတ သာမဏေဘဝ

ဂေါတမဘုရားပွင့်တော်မူလျှင် နတ်ပြည်မှစုတေ၍ သာဝတ္ထိပြည် သဌေးသမီး၏ဝမ်း၌ ဝင်စား၏။

သဌေးသမီးသည် ကိုယ်ဝန်တည်ပြီးနောက် အရှင်သာရိပုတ္တရာအားပင့်ပြီး ငါးကြင်းသားဟင်းဖြင့် သံဃာတော်ငါးရာကို ဆွမ်းကျွေးပြီး ဖန်ရည်စွန်းအဝတ်ကိုဝတ်ရုံ၍ ရဟန်းတို့၏စားကြွင်း ငါးကြင်းသားကို စားလိုသော အာသာချင်ခြင်းဖြစ်ပေါ်၏။

သဌေးသမီး၏မိခင်ဖခင်တို့လည်း သမီး၏ ချင်ခြင်းအတိုင်း လိုက်လျောလှူဒါန်းပြုလုပ်ကြ၏။ အမည်ပေးအံ့သောအခါလည်း ရှင်သာရိပုတ္တရာကိုပင့်လျှောက်၏။ "ပဏ္ဍိတ" ဟု အမည်ပေး၏။

## ခုနစ်နှစ်သား သာမဏေ

ခုနစ်နှစ်သားရှိသောအခါ ရှင်သာရိပုတ္တရာ မထေရ်ထံတွင် ရဟန်းပြုပေးပါရန် ခွင့်တောင်း၏။

မိဘတို့က ရှင်သာရိပုတ္တရာထံအပ်နှံ၍ ရှင်သာမဏေအဖြစ်ကို ပြုပေး၏။ ဆွမ်းခံကြွရာတွင် သာမဏေအား သင်္ကန်းသပိတ် ယူဆောင်နည်းတို့ကို သင်ကြားပေး၏။

## စူးစမ်းလိုလှ ပဏ္ဍိတ

အရှင်သာရိပုတ္တရာသည် ပဏ္ဍိတသာမဏေအား ပရိက္ခရာကို ယူစေ၍ နေမြင့်မှ ဆွမ်းအလို့ငှါ ကြွလေ၏။ သာမဏေသည် လမ်းတွင် ရေသွယ်မြောင်းကိုမြင်၍ မေးလျှောက်၏။

"ငါ့ရှင်သာမဏေ ရေမြောင်းဟု ခေါ်၏"

WWW.DHAMMARANSI.COM



"ဤမြောင်းဖြင့် အဘယ်အမှုပြုသနည်း"

"ဤမြောင်းရေကို လိုရာအရပ်တွင် ထုတ်ဆောင်၍စိုက်ပျိုးမှု ပြုကြကုန်၏"

"အရှင်ဘုရား· ရေတွင်စိတ်ရှိပါကုန်သလော"

"ရေတွင်စိတ်မရှိပေါ အရှင်"

"စိတ်မရှိသောရေကို မိမိအလိုရှိရာသို့ ဆောင်ယူ နိုင်ပါ သလော"

"ဟုတ်ပေ၏ အရှင်"ဟု မိန့်တော်မူ၏။

သာမဏေ ကြံဆင်ခြင်သည်မှာ....

စိတ်မရှိသောရေကို လိုရာအရပ်သို့ စီးဆင်းစေပြီး အလိုရှိရာ အသုံးချနိုင်လျှင်–

စိတ်ရှိသော မိမိ၏စိတ်ကို မိမိအလိုသို့ လိုက်ပါစေပြီး တရား တော်ကိုအားထုတ်ခြင်းငှာ အဘယ်ကြောင့်မစွမ်းပဲ ရှိရမည်နည်း ဟုကြံမိ၏။

ထိုနောက် သာမဏေသည်ရှေ့သို့သွားပြန်သော် မြားသမား သည် မြားတံကိုမီးနှင့်ကင်ပြီး မျက်စိထောင့်မှိတ်ကာ ဖြောင့် မဖြောင့် ကြည့်ရှုနေသည်ကိုမြင်သဖြင့်·

"အရှင်ဘုရား....ဤသူတို့ အဘယ်ကို လုပ်ကိုင် နေကြပါ သနည်း"

"မြားကို ပြုလုပ်သော မြားသမားများ ဖြစ်ကြပါသည် ပေါ အရှင်သာမဏေ"

"ထိုသူတို့ ယခုဘာလုပ်နေကြပါသနည်း"

"မီး၌ကင်၍ မြားတံကိုဖြောင့်အောင် လုပ်နေကြပါသည် ပေါ အရှင်"

WWW.DHAMMARANSI.COM



"အရှင်ဘုရား ထိုမြား၌ စိတ်ရှိပါကုန်သလော ဘုရား"
"ငါ့ရှင်သာမဏေ၊ စိတ်မရှိပေ" ဟုမိန့်၏။

သာမဏေ ကြံဆင်ခြင်ပြန်သည်မှာ-

စိတ်မရှိသည့်ဝါးကိုယူပြီး မီး၌ကင်၍ ဖြောင့်မတ်အောင်ပြု နိုင်ကြသေး၏၊ စိတ်ရှိသော မိမိ၏စိတ်ကိုမိမိအလိုသို့ လိုက်ပါစေပြီး - တရားတော်ကို အားထုတ်ခြင်းငှာ အဘယ်ကြောင့် မစွမ်းနိုင်ပဲ ရှိရမည်နည်း" ဟု ကြံမိ၏။

ရှေ့သို့ရောက်၍ ကြည့်ပြန်သည်ရှိသော် သစ်ခွေသမားတို့သည် ရထားလှည်းဘီးအတွက် သစ်တို့ကိုရွေလျက် ရှိကြကုန်သည်ကို မြင်ရပြန်၏။

"အရှင်ဘုရား၊ ဤသူတို့သည် အဘယ်အလုပ်ကိုလုပ်ကိုင်ကြ ပါသနည်း"

"ငါ့ရှင်သာမဏေ၊ သစ်ခွေသမားများဖြစ်ကြသည်"
"ထိုသူတို့ ယခု ဘာလုပ်နေကြပါသနည်း"
"ထိုသူတို့ သစ်တို့ကိုယူပြီး ရွေနှာခွဲစိတ်၍ မိမိအလိုရှိသော လှည်းဘီးစသည် ပြုလုပ်ကြပေသည်ငါ့ရှင်"
"အရှင်ဘုရား၊ ထိုသစ်တို့၌ စိတ်ရှိပါကုန်သလော"
"ငါ့ရှင်သာမဏေ၊ စိတ်မရှိပေ" ဟုမိန့်၏။

သာမဏေက ကြံဆင်ခြင်သည်မှာ....

စိတ်မရှိသော ထင်းသစ်တို့ကိုယူ၍ လှည်းဘီး၊ စက် စသည် တို့ကို ပြုလုပ်ခြင်းငှာ စွမ်းနိုင်ကြသေး၏၊ စိတ်ရှိသော မိမိစိတ်ကို မိမိ၏အလိုသို့လိုက်ပါစေပြီး၊ တရားတော်ကို အားထုတ်ခြင်းငှာ အဘယ်ကြောင့် မစွမ်းပဲရှိရမည်နည်းဟု ကြံမိ၏။

WWW.DHAMMARANSI.COM



သာမဏေသည် ဤအကြောင်းတို့ကို ကြံဆင်ခြင် မိသဖြင့် ဥပဇ္ဈာယ်ဆရာအား တောင်းပန်၍ ကျောင်းသို့ ပြန်လိုကြောင်း ခွင့်တောင်း၏။ ဆရာလည်း သာမဏေလက်မှ သပိတ်သက်န်းကို လှမ်းယူခွင့်ပြု၏။ သာမဏေက ဆက်လက်လျှောက်ထား၏။

"အရှင်မြတ်ဘုရား၊ တပည့်တော်အတွက် ဆွမ်းကို ဆောင်ယူခဲ့ပါလျှင် ငါးကြင်းသားသာ အရဆောင်ယူခဲ့ပါဘုရား"

"အဘယ်မှာ ရနိုင်ပါအံ့နည်း ငါ့ရှင်"

"တောင်းမှု ကုသိုလ်ကံကြောင့် ရနိုင်ပါလိမ့်မည် အရှင်ဘုရား"

ရှင်သာရိပုတ္တရာ မထေရ်လည်း သာမဏေအား တိုက်ခန်း သံကောက်(သော့)ကို ပေးလိုက်၏။

## နတ်သိကြားတို့ အစောင့်အရှောက်

သာမဏေသည် ဆရာအရှင်၏တိုက်ခန်းသို့ဝင်၍ မိမိ၏ခန္ဓာ ကိုယ်၌ ဉာဏ်ကိုသက်စေပြီး အတ္တဘောကို ဆင်ခြင်သုံးသပ်လျက် ထိုင်နေ၏။

ထိုအခါ သိကြားမင်း၏စံရာ၌ ပူလောင်သောအခြင်းအရာ ဖြစ်၍ စူးစမ်းဆင်ခြင်သော် ပဏ္ဍိတသာမဏေ တိုက်ခန်းတွင်း၌ တရားဝင်နေသည့်အဖြစ်ကို သိမြင်၍ နတ်မင်းကြီးလေးယောက် အား ကျောင်း၏ လေးထောင့်တွင် စောင့်ရှောက်စေ၏။ နေ နတ်သား လ နတ်သားတို့အားလည်း နေ့ လ တို့ကို ဆွဲငင်ထား စေ၏။ ကိုယ်တိုင်လည်း စောင့်ရှောက်၏။ သစ်ရွက်ကျသံမျှ မကြားရလေ။

သာမဏေ၏စိတ်သည် တည်ကြည်ခြင်းဖြစ်၏။ ဖိုလ်သုံးပါး သို့ ဆိုက်ရောက်၏။

WWW.DHAMMARANSI.COM



## ငါးကြင်းသားအဆက်

ရှင်သာရိပုတ္တရာသည် ဆွမ်းလှူနေကျ ဒါယိကာမအိမ်သို့ကြွ၏။ ထိုအိမ်၌ ငါးကြင်းသားဟင်းလျာကိုရ၍ အရှင်သာရိပုတ္တရာကို ထပ်လှူရန် စောင့်နေ၏။ မြင်လျှင် အားရဝမ်းသာ ဖင့်ဖိတ်၍ ငါးကြင်းသားဟင်းလျာဖြင့် လောင်းလှူ၏။ မထေရ်သည် ယူဆောင်သွားရန် ပြင်ဆင်၏။ အလှူရှင်တို့က အရှင်မြတ် ဤမှာဘုဉ်းပေးတော်မူပါ၊ ဆောင်ယူသွားဖို့ရာလည်းလောင်းလှူလိုက်ပါအံ့ဟု ဆွမ်းစားပြီးလျှင် ငါးကြင်းသားဟင်းလျာကို လောင်းလှူလိုက်၏။

## မြတ်စွာဘုရား စောင့်ရှောက်တော်မူခြင်း

ပဏ္ဍိတသာမဏေ၏ အားထုတ်မှုကို မြတ်စွာဘုရား သိမြင်တော်မူပြီး ဖြစ်၏။ အရှင်သာရိပုတ္တရာ ငါးကြင်းသားဟင်းဆောင်ယူလာသည်ကို မြင်တော်မူရာ သာမဏေအတွက် တရားပြီးဆုံးခြင်း အန္တရာယ်ကို ဖြစ်လတံ့ ဟု မြတ်စွာဘုရားသခင်ကိုယ်တိုင် တံခါးမုခ်၌ ရပ်တော်မူ၍ ရှင်သာရိပုတ္တရာအား ပဋ္ဌိသန္ဓာချကား ပြောကြားတော်မူပြီး ပုစ္ဆာလေးရပ်ကို မေးတော်မူ၏။ ရှင်သာရိပုတ္တရာ ဖြေဆိုချိန်တွင် သာမဏေသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။

ခုနစ်နှစ်သားမျှရှိသော သူငယ်သည် သာမဏေပြု၍ ရှစ်ရက်မြောက်၌ အရဟတ္တဖိုလ်သို့ရောက်၏။

မြတ်စွာဘုရားသခင်က သင့်သာမဏေအားဆွမ်းကိုပေးလော့ဟုမိန့်တော်မူ၏။ မထေရ်လည်းတိုက်ခန်းတံခါးကို ခေါက်တော်မူ၍ သာမဏေအား ဆွမ်းစားစေ၏။

WWW.DHAMMARANSI.COM



အရှင်မြတ်.... ပြီးပါပြီလောဟု မေးလျှောက်၏။ ပြီးပေပြီ ဟုဆိုမှုစား၏။

သာမဏေ ဆွမ်းစားခြင်းကိစ္စပြီး၍ သပိတ်ဆေးကြောသိမ်း ဆည်းပြီးမှ လနက္ခတ်သား နေနက္ခတ်သားတို့သည် နေ၊လ တို့ကို လွှတ်၏။

နတ်မင်းကြီးလေးပါးလည်း ပြန်လည်သွားကြ၏။

နေသည် မွန်းတည့်ချိန်မှချက်ချင်းလျှောကျစောင်းသွား၏။ ရဟန်းအများသည် တအံ့တသြ ဖြစ်ကြ၏။ မြတ်စွာဘုရားထံ လျှောက်ကြား ကြသောအခါ မြတ်စွာဘုရားက အကျိုး အကြောင်းကို ရှင်းပြ၍ နေနတ်သား လနတ်သား တို့သာမက၊ သိကြားမင်းနှင့် ငါဘုရားကိုယ်တော်တိုင် စောင့်ရှောက်တော် မူရသည်ဟု....

သာမဏေသည် မြောင်းဖြင့်ရေယူသည်ကို လည်းကောင်း၊ မြားသမားတို့ မြားဖြောင့်နေသည်ကို လည်းကောင်း၊ သစ်ခွေ သမားတို့ သစ်ခွေသည်ကို လည်းကောင်း၊ မြင်ခဲ့ရသောအာရုံ တို့ကိုယူပြီး မိမိကိုယ်ကို ဆုံးမ၍ အရဟတ္တဖိုလ်ကိုရယူကုန်သည် ဖြစ်ပေ၏ဟု အနုသန္ဓေစပ်တော်မူပြီး-

၈၀။ ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



၈၀။ တောင်သူလယ်သမား တို့သည် ရေကို မြောင်းသွယ်၍ယူသကဲ့သို့၊ မြားသမားသည် မြားကောက်ကို မီးပြ၍ ဖြောင့်ကြကုန်သကဲ့သို့၊ သစ်ရွေသမားတို့သည် သစ်ကိုရွေသကဲ့သို့ ပညာရှိသည် မိမိကိုယ်ကို ဆုံးမကြကုန်၏။

ဤကဲ့သို့ မြတ်စွာဘုရားသခင်၏ အစောင့်အရှောက်ကို ခံယူပြီး ရေမြောင်းဥပမာ၊ မြားဥပမာတို့ကို မိမိအလိုအလျောက် သဘောပေါက် သိမြင်၍ သိကြားမင်းနှင့် ဧတုလောကပါလနတ်တို့ စောင့်ရှောက်ရသောကြောင့် ပွဲလမ်းအထူးရ သာမဏေကျော်ဟု သတ်မှတ်ခံရ၏။

(ဓမ္မပဒ ပဏ္ဍိတဝဂ် ငါးခုမြောက် ပဏ္ဍိတ သာမဏေဝတ္ထု၊ ခေတ်မီဓမ္မပဒ၊ ဒုတိယတွဲ စာမျက်နှာ ၃၀၃။)

WWW.DHAMMARANSI.COM

# သံကိစ္စသာမဏေ ဝတ္ထု။

အကျင့်ပျက်စွာ၊ နှစ်တရာပင်
အသက်ရှင်ကာ၊ နေရသည်ထက်
တရက်တည်းပင်၊ သီလစင်က မွန်မြတ်လှ၏။

ဤဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သံကိစ္စသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ သုံးကျိပ်မျှလောက်သော အမျိုးသားတို့သည် သာသနာတော်၌ ရဟန်းပြုကြပြီး ငါးဝါမြောက် ရောက်လျှင် အသက်ကြီးမှရဟန်းပြုရသဖြင့် ကျမ်းဂန်၌ အားထုတ်ခြင်း မပြုနိုင်ပဲ ဝိပဿနာကိုသာ ဖြည့်တင်းခြင်းငှာ ကမ္မဋ္ဌာန်းတရားကို သင်ယူကြပြီး တောအုပ်သို့သွားမည်ဟု ပန်ကြားကြ၏။

## ခုနစ်နှစ်သား သာမဏေ

မြတ်စွာဘုရားသခင်က ဘယ်အရပ်သွားမည်နည်း ဟု မေးတော်မူ၏။

ဤသို့သောအရပ်သို့သွားပါကုန်အံ့ဟု လျှောက်ကြားကြ၏။

ထိုအရပ်၌ စားကြွင်းစားတယောက်ကြောင့် ဤရဟန်း သုံးကျိပ်တို့ ကြောက်မက်ဖွယ်ဘေးကြီးတွေ့လတ့်။ သံကိစ္စသာမဏေ လိုက်ပါသွားသော် ထိုဘေးကြီးကိုလွန်မြောက်၍ သုံးကျိပ်သော ရဟန်းတို့သည် ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်လတံ့ ဟု မြင်တော်မူ၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



သံကိစ္စသာမဏေသည် ခုနစ်နှစ်အရွယ်သာရှိသေး၍ အရှင်သာရိပုတ္တရာမထေရ်၏ တပည့်ဖြစ်၏။

## သံကိစ္စသာမဏေ အကြောင်း

သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာ ချမ်းသာသော အမျိုးသမီးတဦးသည် ကိုယ်ဝန်အရင့်အမာနှင့် ကွယ်လွန်သဖြင့် အလောင်းကို သုသာန်သို့ယူ၍ မီးရှို့ကြသည်။ ကျန်သောအသားအရေတို့မီးကျွမ်းသော်လည်း ဝမ်းဗိုက် သားသည် မီးမလောင်သဖြင့် တံစူးဝါးဖြင့် ဝမ်းဗိုက်ကိုထိုးလေသော် ဝမ်းတွင်းရှိ သူငယ်၏မျက်စိအစွန်းကို ထိုးမိလေ၏၊ ဝမ်းဗိုက်သားကို ထိုးကျိတ်၍မီးကျီးတို့ဖြင့် ဖုံးလွှမ်းပြီးပြန်သွားကြကုန်၏၊ ဝမ်းဗိုက်သားကိုမီးလောင်ကျွမ်းပြီး မီးကျီးအထက်၌ ရွှေဆင်းတုနှင့် တူသောသူငယ်သည် ပဒုမ္မာကြာထက်၌ လျောင်းအိပ်သကဲ့သို့ဖြစ်လေ၏။

နောက်တနေ့၌ ထင်းပုံကိုမီးငြိမ်းရန်လာကြရာ လျောင်းအိပ်နေသောသူငယ်ကိုမြင်၍ မိခင်အလောင်းပြာကျပါလျက် သူငယ်ကို မီးမလောင်ကျွမ်း၍ အံ့သြပြီး သူငယ်ကိုယူ၍ နိမိတ်ဖတ်တတ်သောသူတို့ကို မေးမြန်းကြကုန်၏။

ဤသူငယ်သည် လူ့ဘောင်၌နေပါက ဆွေခုနစ်ဆက် တိုင်အောင် ပင်ပန်းဆင်းရဲခြင်း ဖြစ်လတံ့။ သာသနာ့ဝန်ထမ်းရဟန်းဖြစ်ခဲ့ပါလျှင် ငါးရာကုန်သောရဟန်းတို့ဖြင့် ခြံရံလျက်လှည့်လည်ရလတံ့ဟု နိမိတ်ဖတ်ကြ၏။

## သံကိစ္စအမည်ပေးခြင်း အကြောင်း

သူငယ်၏မျက်စိအစွန်းမှာ တံစူးဝါးဖြင့်ထိုးမိ၍ ပျက်စီးနေသောကြောင့်''သံကိစ္စ'' အမည်မှည့်ကြ၏၊ ဆွေမျိုးတို့သည်

WWW.DHAMMARANSI.COM



ခုနစ်နှစ်သား၊ အရွယ်ရောက်လျှင် အရှင်သာရိပုတ္တရာမထေရ်ထံ အပ်နှံ၍ ရဟန်းပြုစေ၏။

"တစပဉ္စက" ကမ္မဋ္ဌာန်းကိုပေး၍ သာမဏေပြုရာ သင်ခုန်း ရိတ်ပြီးသည်အဆုံး၌ပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။

## ရဟန်းသုံးကျိပ်ကို ညွှန်ကြားခြင်း

မြတ်စွာဘုရားသည် ရဟန်းသုံးကျိပ်တို့အား တောသို့မဝင်မီ နောင်တော်ကြီး ဖြစ်သော "ရှင်သာရိပုတ္တရာကို ဖူးမြော်ပြီးမှ သွားကြကုန်လော့" ဟု မိန့်တော်မူသဖြင့် အရှင်သာရိပုတ္တရာထံ သွားရောက် ဖူးမြော်ကြကုန်၏။

မထေရ်သည် "မြတ်စွာဘုရားက အကြောင်း တစုံ တခု ကြောင့်သာ စေလွှတ်မည်ဖြစ်ပေသည်"ဟု ဆင်ခြင်တော်မူသည် ရှိသော် မြတ်စွာဘုရား သိမြင်တော်မူသည့်အတိုင်း "မြတ်စွာ ဘုရားသည် အသင်တို့အား ငါ၏ထံစေလွှတ်လိုက်သည်မှာအသင် တို့နှင့်အတူတကွ သံကိစ္စသာမဏေကို ထည့်စေလိုသောဆန္ဒဖြင့် စေလွှတ်ခြင်းဖြစ်သည်။ သို့ဖြစ်၍ သာမဏေကို ခေါ်သွားကြကုန် လော့"ဟု မိန့်တော်မူ၏။

ရဟန်းသုံးကျိပ်နှင့် သာမဏေတို့သည် ယူဇနာဘရာ့နှစ်ဆယ် ကျော်ဝေးသော အိမ်ခြေတထောင်ရှိသည့်ရွာတရွာသို့ရောက်ကြ ၏။ ရွာသားတို့သည် ဤရွာတွင်ဝါကပ်ဆိုရန် တောင်းပန်ကြ၏။ မထေရ်တို့လည်း ဝန်ခံကြကုန်၏။ လူတို့သည် သစ်ရွက်မိုးသော ကျောင်းဇရပ်တို့ကို ဆောက်လုပ်၍ ဆွမ်းကွမ်းတို့ကို အလှည့်ကျ လှူဒါန်းကြ၏။

WWW.DHAMMARANSI.COM



ဝါကပ်သောနေ့၌ မထေရ်တို့သည် တိုင်ပင်ကြကုန်၏။

"နေ့ညဉ့်တို့ပတ်လုံး မမေ့မလျော့ပဲ ထမ္မဋ္ဌာန်း တရားကို အားထုတ်ကြကုန်အံ့၊ နံနက်စောစော ဆွမ်းခံသောအချိန်၊ ညနေချမ်း မထေရ်ကြီးအား ခစားသောအချိန်မှလွဲ၍ ကျန်အချိန်တို့တွင် တနေရာတည်း ရဟန်းနှစ်ပါး မနေကြပဲ၊ တနေရာလျှင် ရဟန်းတပါးကျ အားထုတ်ရမည်။ အကြောင်းရှိက ကျောက်စည်ကို ထိုးခတ်သော အထိမ်းအမှတ်ဖြင့် ထိုရဟန်း၏အထံသို့ သွားကြကုန်အံ့" ဟု ကတိကဝတ်ပြုကြ၍ တရားကို အားထုတ်လျက် နေကြကုန်၏။

## ငတ်မွတ်ယောကျ်ား စားကြွင်းစား

ထိုအခါ၌ ဆင်းရဲသားတယောက်သည် သမီးကိုမှီခို၍ စားနေရ၏။ ထိုအရပ်၌ ငတ်မွတ်ခြင်းဖြစ်သည်ရှိသော် အခြားသမီးတယောက်ထံ မှီခိုစားသောက်ရန် တောလမ်းအတိုင်း လာခဲ့၏။

မထေရ်သုံးကျိပ်တို့သည် ရွာ၌ ဆွမ်းခံပြီး သိတင်းသုံးရာ ခရီးအကြား မြစ်ဆိပ်၌ ရေချိုးပြီး သဲသောင်ပြင်တို့၌ထိုင်၍ ဆွမ်းစားကြ၏။

ထိုခဏ၌ ခရီးသွားယောကျ်ားသည်ရောက်လာပြီး လျောက်ပတ်သော အရပ်၌ ထိုင်နေ၏။ ထိုဒါယကာကို မထေရ်တို့က အဘယ်အရပ်သို့ သွားမည်နည်းဟု မေးကုန်၏။ ထိုယောကျ်ားသည် အကြောင်းစုံကို လျှောက်ကြား၍ ကရုဏာစိတ်ဖြစ်ပေါ်ပြီး-

"ဒါယကာ....အသင်သည် အလွန် ဆာလောင်မွတ်သိပ်ဟန်ရှိပေသည်။ သစ်ရွက်ကို ဆောင်ယူခဲ့လော့"ဟု ပြောဆို၍ သစ်ရွက်တွင် မိမိတို့ သုံးဆောင် စားသောက်အပ်သော အမှတ်ဖြင့်

WWW.DHAMMARANSI.COM



ဟင်းလျာတို့တင်၍ တပါးတပါးသောရဟန်းတို့သည် တခုတခုသော ထမင်းခဲကို ပေးကုန်၏။

ဒါယကာသည် ထမင်းစားပြီးသော အခါ မထေရ်တို့ကို ဦးချ၍-

"အရှင်ဘုရားတို့...ယနေ့ တစုံတယောက်တာ ပင်ပန်းပါသလော" ဟု မေးလျှောက်၏။

"ဒါယကာ....လူတို့သည် နေ့တိုင်း နေ့တိုင်း ဤသို့သော အာဟာရကို ပေးလှူကုန်၏" ဟု ဆို၏။

ထိုယောကျ်ားက စဉ်းစားသည်မှာ ငါတို့သည် အချိန်ရှိသရွေ့ ကြိုးစားလုပ်ကိုင်ပါသော်လည်း ဤသို့သောအစားအစာကို မရနိုင်၊ ငါသည် အခြားသို့သွား၍ အဘယ်အကျိုးရှိအံ့နည်း၊ ဤမထေရ်တို့၏အထံ၌သာ နေတော့အံ့ ဟု-

"တပည့်တော်သည် ဝတ်ကြီး ဝတ်ငယ်ကို ဆောင်ရွက်၍ အရှင်ဘုရားထံတို့၌ နေလိုပါသည်" ဟု လျှောက်၏။ ရဟန်းတို့က ကောင်းပါပြီ ဟု လက်ခံ၏။

ထိုယောကျ်ားသည် ဝတ်ကြီးဝတ်ငယ်ပြုလျက် ရဟန်းတို့ကို အလွန်နှစ်သက်စေလျက် နှစ်လ လောက်ကို လွန်မြောက်ခဲ့ပြီးနောက် သမီးကိုအောက်မေ့ပြန်၍ သွားလိုစိတ်ပေါ်လာပြန်၏။ ရဟန်းတို့ထံ ခွင့်တောင်းလျှင် မလွှတ်မည်စိုး၍ အကြောင်းမကြားပဲ ထွက်သွား၏။

ဤသို့ မပန်ကြားပဲ သွားခြင်းသည် ထိုယောကျ်ား၏ အမှားပင်တည်း။

WWW.DHAMMARANSI.COM



## ယဇ်နတ်ပူဇော်လိုသော ခိုးသားငါးရာ

တခုသောတော အုပ်၌ ခိုးသားငါးရာတို့သည် ၎င်းတို့ ကိုးကွယ်သောနတ်အား ဤတောအုပ်သို့ဝင်လာသူကို သတ်ပြီး အရှင်တို့အား ပူဇော်ပါမည်ဟု တောင်းပန် လျှောက်ထား၍ ခရီးသွား ခရီးလာတို့ကိုစောင့်၏။

ထိုယောကျ်ားသည် တောအုပ်အလယ်သို့ရောက်လျှင် ဝိုင်းဝန်းဖမ်းဆီးပြီး ကြိုးဖြင့်တုပ်၍ထားကာ ကြီးစွာသောမီးပုံကြီးကိုပြုပြီး တံစို့တို့ကို ပြုလုပ်နေကြ၏။

ထိုသူသည် ခိုးသူတို့လုပ်ကိုင်နေသော အခြင်းအရာကိုမြင်၍ ဤအရပ်၌ ဝက်သည်လည်းမရှိ၊ သားသမင် စသည်တို့ကိုလည်း မမြင်၊ အဘယ်ကြောင့် မီးပုံကြီးကိုပြုပြီး တံစို့များလုပ်နေပါသနည်းဟုမေးသဖြင့် အသင့်ကိုသတ်၍ အသင်၏အသွေးအသား ဖြင့် နတ်ပူဇော်ရန် ပြုလုပ်နေကြသည်ဟုပြော၏။

ထိုယောကျ်ားသည် မိမိ၏အသက်ဘေးကို ကြောက်လန့်၍ ရဟန်းတို့၏ကျေးဇူးကို မအောက်မေ့နိုင်ပဲ မိမိအသက်မှ လွတ်မြောက်စေခြင်းငှာ-

"အရှင်တို့.... ကျွန်ုပ်သည်ကား စားကြွင်းစားပါ၊ သူများစားပြီးထမင်းကိုစားရသောသူမည်သည် ယုတ်မာသူပါ၊ ရဟန်းတော်တို့သည် မင်းမျိုးတို့မှ ရဟန်းပြုကြသည်ဖြစ်သောကြောင့် ဤအမျိုးမြတ်သော ရဟန်းတို့ကို သတ်၍ပူဇော်ပါက အသင်တို့အား နတ်မင်းသည် အလွန်နှစ်သက်ပေလိမ့်မည်။ ထိုအချပ်၌ သုံးကျိပ် တပါးသောရဟန်းတို့ ရှိကြပါသည်" ဟု ညွှန်ကြား ပြောဆို၏။

WWW.DHAMMARANSI.COM



ခိုးသူတို့သည် ဤသူ၏အကြံသည်ကောင်း၏။ ဤသူယုတ်မာကို သတ်၍ပူဇော်သဖြင့်အကျိုးမရှိ။ မင်းမျိုးတို့ကိုသတ်ပြီးပူဇော်ကြအံ့ဟု ထိုယောကျ်ားကို ခရီးလမ်းညွှန်ပြု၍ သွားကြ၏။

ကျောင်းသို့ရောက်လျှင် ရဟန်းတပါးကိုမျှ မမြင်ရ၊ ထိုသူကား ဓာတ်သိဖြစ်၍ ကျောက်စည်ကို ထိုးခတ်၏။ ရဟန်းတို့သည် အကြောင်းထူးရှိပေလိမ့်မည်ဟု ကျောင်း၏အလယ်သို့ကြွလာကြပြီး ၀ါစဉ်အလိုက်ထိုင်နေကြကုန်၏။

သံဃာ့ထေရ်က အဘယ်သူသည် ဤကျောက်စည်ကို ထိုးခတ်သနည်းဟု မေး၏။ ခိုးသူအကြီးအကဲက တပည့်တော်တို့ထိုးခတ်ကြောင်းလျှောက်၏။ အဘယ်အကြောင်းကြောင့် ထိုးခတ်သနည်းဟု မေးပြန်လျှင်-

“တပည့်တော်တို့သည် ဤတောအုပ်ကို စောင့်ရှောက်သော နတ်အားပူဇော်ရန် ရဟန်းတပါးကို ခေါ်ဆောင်သွားလိုပါ၍ ကျောက်စည်ကိုထိုးခတ်ပါသည်”ဟု လျှောက်၏။

## စားကြွင်းစားကြောင့် ဒုက္ခများကြရခြင်း

ထိုစကားကိုကြားလျှင် မထေရ်ကြီးက....

“ငါ့ရှင်တို့၊ ညီ, သား, အစ်ကိုတို့တွင် ဖြစ်ပွားလာသော ကိစ္စသည် အကြီးဆုံးနောင်တော်သာပြုလုပ်ပြီးငြိမ်းစေရသည်၊ ထို့ကြောင့် ငါပင်လိုက်ပါသွားမည်။ ညီချစ် ဖြစ်ကုန်သော အသင်တို့သည် ရဟန်းတရားကို မမေ့မလျော့ပဲ အားထုတ်ရစ်ကြကုန်လော့”ဟု ပြောဆိုမှာထား၏။

ဒုတိယမြောက်သော မထေရ်ကား....

WWW.DHAMMARANSI.COM



"နောင်တော်ဘုရား၊ နောင်တော်ကြီးတို့၏ ကိစ္စတာဝန်မှာ မိမိအောက် ဒုတိယညီငယ်၏ တာဝန်ဖြစ်ပါသည်။ တပည့်တော် လိုက်သွားပါအံ့" ဟု လျှောက်ထားပြန်၏။

"ဤသို့လျှင် သုံးကျိပ်သော ရဟန်းတို့သည် အသီးသီးပြော ဆိုကြကုန်၏။ သုံးကျိပ်သောရဟန်းတို့သည် ညီအစ်ကိုရင်းများ လည်း မဟုတ်ကြ၊ တပ်မက်ခြင်း ရာဂကင်းသော ရဟန္တာများ လည်း မဟုတ်ကုန်သေး၊ ကျန်သောရဟန်းများ ရဟန်းတရားကို ကောင်းစွာ အားထုတ်နိုင်ကြစေရန် မိမိကိုယ်ကို စွန့်လွှတ်ပေး လှူကြခြင်း ဖြစ်ပေသည်။

## သံကိစ္စသာမဏေ၏ တာဝန်

သံကိစ္စသာမဏေသည် ထိုရဟန်းတို့စကားကို ကြားလေလျှင်

"အရှင်ဘုရားတို့...အရှင်မြတ်တို့သည် ဤအရပ်၌ သီတင်း သုံးနေတော်မူကြပါကုန်။ အရှင်ဘုရားတို့ တရားကို အားထုတ် နိုင်ရန်အတွက် တပည့်တော်ပင်လိုက်သွားပါအံ့"ဟု လျှောက်၏။ ထိုအခါ ရဟန်းတို့က 'ငါ့ရှင်သာမဏေတယောက်တည်း လွှတ် မည်မဟုတ်'ဟုဆို ပြောဆိုကုန်၏။

သံကိစ္စသာမဏေက-

"အဘယ်ကြောင့် တပည့်တော်ကို မလွှတ်ပါကုန်သတည်း" ဟု မေးလျှောက်၏။

"ငါ့ရှင်သာမဏေ၊ သင်သည် အရှင်သာရိပုတ္တရာမထေရ်၏ တပည့်ရင်းပေတည်း။ သင့်ကို ထည့်လိုက်လျှင် မထေရ်ထံတွင် ငါတို့ ဖြေရှင်းခြင်းငှာ မစွမ်းနိုင်ပါ"

WWW.DHAMMARANSI.COM



သံကိစ္စသာမဏေက....

"အရှင်ဘုရား.... ဘုရားသခင်သည် အရှင်တို့ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာထံ စေလွှတ်တော်မူခြင်းမှာ ဤယခုဖြစ်လတံ့သောအကြောင်းကို သိမြင်တော်မူသောကြောင့်ထည့်ပေးစေတော်မူသည်။ သို့ဖြစ်၍ တပည့်တော်သာ လိုက်သွားပါတော့မည်" ဟု ပြောဆို၍ မထေရ်မြတ်တို့ကို ရှိခိုးဦးချပြီး....

"အရှင်ဘုရား.... တပည့်တော်တွင် အပြစ်ကြီး အပြစ်ငယ်ရှိခဲ့ပါအံ့၊ သည်းခံတော်မူကြပါကုန်လော့" ဟု ဆန်တော့ ဝန်ချတောင်းပန်၏။ မထေရ်တို့က အတန်တန်တောင်းပန်တားမြစ်ပါသော်လည်းမရ၊ ခိုးသူတို့နှင့် လိုက်ပါသွားတော့၏။

ရဟန်းသုံးကျိပ်တို့သည် ကြီးစွာသောထိတ်လန့်တုန်လှုပ်ခြင်းနှင့် သောကတို့ကြောင့် မျက်ရည်ဖြိုင်ဖြိုင် ကျကုန်၏။ ထိုအခါ မထေရ်တ ခိုးသူအကြီးအမှူးအား—

"ဒါယကာတို့.... ခုနစ်နှစ်အရွယ် ဤသူငယ် ကလေးသည် အသင်တို့မီးဖိုနေစဉ် တံစို့ပြုလုပ်နေစဉ်တွေ့မြင်ရပါက တုန်လှုပ်ကြောက်ရွံ့ခြင်း ဖြစ်ပါလိမ့်မည်။ ဤသူငယ်ကလေးကို မမြင်ရာအရပ်၌ထားပြီးမှ ဆောင်ရွက်ဖွယ်တို့ကို ပြုလုပ်ကြပါ"ဟု မှာထားပြောဆို၏။

## သာမဏေကို ခုတ်သတ်ခြင်း

ခိုးသူတို့သည် သာမဏေကို ခေါ်ဆောင်သွားပြီး တနေရာ၌ထား၍ သာမဏေမမြင်ရာအရပ်၌ ပြုဖွယ်ရှိသမျှ ပြုလုပ်ပြီးမှ သာမဏေထံ သန်လျက်ဓားကို အိမ်မှချွတ်ပြီးလာ၏။

ရဟန္တာဖြစ်ပြီးသော သာမဏေသည် ဈာန်ကိုဝင်စား၍သာ လျှင်ထိုင်နေတော်မူ၏။

WWW.DHAMMARANSI.COM



ခိုးသူအကြီးအမှူးသည် သာမဏေ၏ပခုံးကို နောက်မှတအား ပိုင်းခုတ်လိုက်၏။ သန်လျက်ဓားသည် ညွတ်ခွေလိပ်သွား၏။

ခိုးသူကြီးသည် သန်လျက်ဓားသွားကို အကြိမ်ကြိမ်အဖန်ဖန် ဖြောင့်၍ ခုတ်၏၊ သန်လျက်ဓားသည် ထန်းရွက်ကဲ့သို့ ခွေလိပ်လျက်သာသွား၏။

(ဈာန်ဝင်စားသော အခိုက်အတန့်၌ မြင့်မိုရ်တောင်ကြီးဖြင့် ဖိ၍ ခုတ်ခြင်းငှါ မစွမ်းနိုင်ရာ။ ဤသန်လျက်ဓားငယ်ဖြင့် သတ်ရာ၌ အဘယ် ဆိုဖွယ်ရာရှိပါအံ့နည်း။)

## မကြောက်လန့်သော တရား

ဤသို့သော အံ့ဖွယ်သူရဲ တန်ခိုးတော်ကိုမြင်၍ ခိုးသူကြီးက စဉ်းစားသည်မှာ-

"ငါ၏သန်လျက်သည် ကျောက်တိုင်ကိုသော်သည်း သစ်ညှန့်ကဲ့သို့ အပိုင်းပိုင်းပြတ်ခဲ့၏၊ ယခု ထန်းရွက်ကဲ့သို့ ရစ်ပတ်ခွေလိပ်သွားပေသည်။ သန်လျက်မည်သည် စိတ်တည်း ဟူသော အသိဉာဏ်မရှိပဲ ဤမောင်ရှင်၏ ဂုဏ်ကျေးဇူးကို သိသေး၏။ ငါသည် စိတ်တည်းဟူသော အသိဉာဏ်ရှိပါလျက် မသိချေတကား" ဟု စဉ်းစားပြီးသော် သန်လျက်ကို ပစ်ချကာ သံကိစ္စ သာမဏေ၏ ခြေရင်း၌ ဝပ်စင်းလျက်-

"အရှင်ဘုရား....တပည့်တော်တို့သည် ဥစ္စာဟူသော အကြောင်းဖြင့် တောခို၍ နေကြပါသည်။ တပည့်တော်တို့ကို အဝေးမှမြင်လျှင် လူတထောင်သည်လည်း တုန်လှုပ် ကြောက်ရွံ့ကုန်၏။ စကားသုံးခွန်းမျှပင် မပြောဆိုဝံ့ကြပါ။ မောင်ရှင်သာမဏေငယ်သည် ဤဘေးနှင့် ရင်ဆိုင် တွေ့နေသောအခါ၌ပင် တုန်လှုပ်ခြင်း၊ ပူပန်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းမရှိ၊

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



အဆင်းသဏ္ဍာန်မှာလည်း ရှေးအခါကထက် ပိုမိုကြည်လင်၍ပင် နေဘိသည်။ "အဘယ်အကြောင်းကြောင့်ပါနည်း...."ဟု မေး လျှောက်၏။

သံကိစ္စသာမဏေသည် ဈာန်မှထတော်မူပြီး-

"ဒါယကာ ရွာသူကြီး....အာသဝေါကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်၏ ခန္ဓာကိုယ် အတ္တဘောမှာ ဦးခေါင်း၌ ရွက်၍ထားရသော လေးစွာသော ဝန်ထုပ်ဝန်ပိုးကဲ့သို့ဖြစ်၏။ ထိုခန္ဓာကိုယ်သည် ကွဲသော် လည်းကောင်း၊ ပျက်စီးသော် လည်းကောင်း ဦးခေါင်းထက်၌ ရွက်ထားရသောဝန်ကိုပစ်ချဘိသကဲ့သို့ နှစ်သက်သည်သာလျှင်တည်း။ ရွံ့ကြောက် တုန်လှုပ် ထိတ်လန့် ခြင်း မဖြစ်"ဟု မိန့်တော်မူ၏။

## ခိုးသားငါးရာ ရဟန်းပြုကြခြင်း

သံကိစ္စသာမဏေ၏ တရားစကားကို နာကြားရလျှင် ခိုးသူကြီးသည် ခိုးသားငါးရာတို့အား- "အို-အချင်းတို့ .... ငါသည် ဤသို့သော တန်ခိုးဣဒ္ဓိပါဒ်ကို မြင်ရ၍ လူ့ဘောင်၌ မနေလိုတော့ပြီ၊ အရှင်မြတ်၏အထံ၌သာ ရဟန်းပြုတော့အံ့၊ အသင်တို့ အဘယ် အကြံရှိပါသနည်း"ဟု မေး၏။

ခိုးသားငါးရာတို့လည်း အကျွန်ုပ်တို့ အတူတကွပင် ရဟန်းပြုကြပါကုန်အံ့" ဟု သံကိစ္စသာမဏေကို ခိုးသားငါးရာစလုံးတို့သည် ရှိခိုးဝန်ချ တောင်းပန်ကြပြီးသော် .... ရဟန်း အဖြစ်ကို လျှောက်ထားကြ၏။

သာမဏေသည် ထိုခိုးသားငါးရာတို့အား မိမိတို့ သန်လျက်ဓားဖြင့်ပင် ဦးခေါင်းကို ရိတ်စေပြီး အဝတ်ပုဆိုးတို့၏ အစွန်းအမြိတ်တို့ကိုဖြတ်စေ၍ နီသောမြေညက်တို့ဖြင့်ဆိုးစေပြီး၊ ဆယ်

WWW.DHAMMARANSI.COM



ပါးသောသီလကို ဆောက်တည်စေ၍ ထိုခိုးသူရဟန်းငါးရာတို့ကို မြတ်စွာဘုရား ကျောင်းတော်သို့ ခေါ်ဆောင်ပြီး သွား၏။

သံကိစ္စသာမဏေသည် ခရီးအကြား၌ စဉ်းစားဆင်ခြင်သည်မှာ- "တောကျောင်း၌ ကြွင်းကျန်ခဲ့သော မထေရ်တို့ကို အသိမပေးပဲသွားခဲ့ပါလျှင် မထေရ်အရှင်တို့သည် တရားအားထုတ်ခြင်းငှာ မစွမ်းနိုင် ဖြစ်လိမ့်မည်။ ငါ့ကို ခိုးသူတို့ ယူဆောင်ထွက်လာခဲ့သောအချိန်မှစ၍ တပါးသောအရှင်မျှ မျက်ရည်ကိုသိမ်းဆည်းခြင်းငှာ မစွမ်းနိုင်ကြ။ ငါတို့ သာမဏေယ်အသည် သေရလေပြီလော၊ မသေသေးပဲပင် ရှိသေး၏လောဟု တွေးတောကြံစည် စိတ်မဟည်ပဲ ကမ္မဋ္ဌာန်းတရား၌ ရှေ့ရှုခြင်းငှာမရပေလတံ့" ဟုကြံစည်ဆင်ခြင်ပြီး တောကျောင်းသို့ ခိုးသားရဟန်း ငါးရာတို့နှင့် အတူ သွားရောက်ပြီးမှ မထေရ်တို့ကို သက်သာရာရစေ၏။

သံကိစ္စသာမဏေကို မထေရ်တို့ တအံ့တသြမေးကြလျှင်....

"အရှင်ဘုရားတို့.... ဤခိုးသားတို့သည် တပည့်တော်အား သတ်ကြသော်လည်း သတ်ခြင်းငှာ မစွမ်းနိုင် သောကြောင့် တပည့်တော်၏ ဂုဏ်ကျေးဇူး၌ အထူးကြည်ညိုပြီး တပည့်တော်၏တရားကို နာကြားရပါ၍ ရဟန်းပြုကြပါသည်။ တပည့်တော်သည် အရှင်ဘုရားတို့ကို တွေ့မြင်လိုသောအားဖြင့် လာရောက်ပါသည်။ တပည့်တော် ဘုရားသခင်အထံသို့သွားပါတော့မည်။ အရှင်မြတ်တို့သည် မမေ့မလျော့ အားထုတ်တော်မူကြပါကုန်လော့" ဟု လျှောက်ထားပြီးသော် မထေရ်အပေါင်းတို့ကို ရှိခိုးပြီး တပည့်သစ်ငါးရာတို့နှင့် ကြွသွားလေ၏။

WWW.DHAMMARANSI.COM



## ခိုးသားငါးရာ ရဟန္တာဖြစ်ကြခြင်း

သံကိစ္စသာမဏေသည် ပထမဦးစွာ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ်ထံ ဝင်ရောက်ဖူးမြော်၏။

"ငါ့ရှင်သံကိစ္စ.... အသင့်အား အဘွင်းနေတပည့်တို့ကိုရအပ်ပါသလော"

"မြော်.... ဟုတ်ပါ၏အရှင်ဘုရား"ဟု ဝန်ခံ၍ အကြောင်းစုံကို လျှောက်ကြား၏။

"ငါ့ရှင်သံကိစ္စ သွားချေ၊ မြတ်စွာဘုရားသခင်ကို ဖူးမြင်လေလော့"ဟု မိန့်တော်မူ၏။

သံကိစ္စသာမဏေသည် မြတ်စွာဘုရားအထံတော်သို့ ရဟန်းငါးရာကို ခေါ်ယူပြီး ဝင်ရောက်ဖူးမြော်၍ အကြောင်းစုံကို လျှောက်ထား၏။

မြတ်စွာဘုရားက ရဟန်းငါးရာတို့အား-

"ချစ်သားရဟန်းတို့.... အသင်တို့သည် ခိုးသူအမှုကိုပြု၍ ဒုဿီလအဖြစ်၌ အနှစ်တရာ အသက်ရှည်ရသည်ထက် သီလ၌ တည်၍ တနေ့တရက်မျှ အသက်ရှည်ရခြင်းက မြတ်၏"ဟု အနုသန္ဓေကိုစပ်၍-

၁၁၀။ ယော စ ဝဿသတံ ဇီဝေ၊
ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊
သီလဝန္တဿ ဈာယိနော။

ဓာတုပ္ပမာအကြွမ်

WWW.DHAMMARANSI.COM



၁၅၀။ အကြင်ပုဂ္ဂိုလ်သည် အကျင့်ကင်းမဲ့၍၊ မတည်ကြည်သည် ဖြစ်၍ အနှစ်တရာပတ်လုံး အသက်ရှည်ငြားအံ့၊ မမြင့်မြတ်။ သီလရှိသော ဈာန်တရား၌ လေ့လာသော ပုဂ္ဂိုလ်၏ တနေ့တရက်မျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်၏။

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါပတ္တတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ များစွာသော လူအပေါင်းတို့အားလည်း အကျိုးရှိသော ဓမ္မဒေသနာသည် ဖြစ်၏။

(ဓမ္မပဒ သဟဿဝဂ် ကိုးခုမြောက် သံကိစ္စသာမဏေဝတ္ထု ခေတ်မီ ဓမ္မပဒ တတိယတွဲ၊ စာမျက်နှာ ၁၅၁။)

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

# တန်ခိုးထက်သည့် ခုနစ်နှစ်သားသာမဏေ

# ၄။ သုမနသာမဏေဝတ္ထု

အစြင်ရဟန်းသည် ငယ်ရွယ်သော်လည်း
သာသနာတော်၌ လုံ့လဖြင့်အားထုတ်၏။
ထိုရဟန်းသည် လောကကို ထွန်းလင်းတောက်ပစေ၏။

ဤဒေသနာတော်ကို ပုဗ္ဗာရုံကျောင်းတော်ကြီး၌ သုမနသာမဏေကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း
## (အရှင်အနုရုဒ္ဓါနှင့် သုမနသဉ္ဇေးအတိတ်ဇာတ်)

ဤဘဒ္ဒကမ္ဘာမှအထက်ကပ်တသိန်း မြောက်အကျတွင်အမျိုးသားတဦးသည် ပရိသတ်လေးပါးအလယ်၌ ဒိဗ္ဗစက္ခုအဘိညာဉ်တွင် ဧတဒဂ်ဘွဲ့ထူးရသောရဟန်းတော်ကိုတွေ့မြင်၍ အတူးအားကျလျက် မြတ်စွာဘုရားနှင့် ရဟန်းတော် အပေါင်းအားပင့်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးပြီး-

"တပည့်တော်သည် နောင်အနာဂတ်၌ အရှင်ဘုရားကဲ့သို့သော ဘုရားရှင်၏ သာသနာတော်၌ ဒိဗ္ဗစက္ခု အဘိညာဉ်တွင် ဧတဒဂ်ရပါလို၏" ဟုဆုတောင်းပတ္ထနာပြု၏။

မြတ်စွာဘုရားသခင်သည် ကမ္ဘာတသိန်း ကာလကိုကြည့်တော်မူ၍ ဂေါတမဘုရားရှင် သာသနာတော်၌ ဒိဗ္ဗစက္ခုအဘိညာဉ်ရကုန်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ်ဖြစ်သော အနုရုဒ္ဓါအမည်ဖြစ်လတံ့"ဟု မိန့်ကြားတော်မူ၏။

WWW.DHAMMARANSI.COM



ထိုအမျိုးသားသည် ဝမ်းမြောက်လှ၍ ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်လျက် ဒိဗ္ဗစက္ခုအဘိညာဉ်ပရိကံကို မေးလျှောက်၍ ခုနစ်ယူဇနာရှိသော ရွှေစေတီကြီးကို ဆီမီးများပူဇော်၍ ထိုဘဝမှ စံတော့လျှင် နတ်ပြည်၌ဖြစ်၏။ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်၍ ဤဘဒ္ဒကမ္ဘာ၌ ဗာရာဏသီပြည်ဝယ် သုမနသဌေးကိုအမှီပြု ပြီး မြက်ထမ်းသမားဖြစ်၍နေ၏။

## အန္နဘာရမြက်ထမ်းသမား

အန္နဘာရမြက်ထမ်းသမားဟု အမည်တွင်၏။ သုမနသဌေး သည် အစဉ်မပြတ် ကြီးကျယ်သောအလှူကို ပေးလှူ၏။ တနေ့ ၌ ဥပရိဋ္ဌအမည်တော်ရှိ ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှ ထ၍ ချီးမြှောက်သင့်သူကို ကြံစည်တော်မူသော် အန္နဘာရအား မြင်တော်မူ၍ သပိတ်သင်္ကန်းကို ဆင်မြန်းလျက် အန္နဘာရ၏ ရှေ့၌ ရပ်တော်မူ၏။

အန္နဘာရသည် အရှင်မြတ်ကိုမြင်လျှင် မြက်ထမ်းကိုချ ရှိခိုး၍ "ခေတ္တရပ်တော်မူပါဦး"ဟု လျှောက်ထားပြီး အိမ်သို့ပြေး၍ ထမင်းကိုယူပြီး သပိတ်တော်၌ လောင်းထည့်ဆက်ကပ်၍-

"အရှင်ဘုရား.... ယခုမြက်ထမ်းသမားဘဝမှ လျင်လျင် မြန်မြန် လွတ်မြောက်ရပါလို၏။ ဘဝဆက်တိုင်းမရှိဟူသောစကား ကို မကြားမသိရပါလို၏" ဟုဆုတောင်း၏။ ပစ္စေကဗုဒ္ဓါအရှင် က "အသင် ဆုတောင်းပတ္ထနာသည့်အတိုင်း ဖြစ်စေသတည်း" ဟုမိန့်ဆိုအနုမောဒနာပြု၍ ကြွသွားတော်မူ၏။

သုမနသဌေး၏ ထီး၌စောင့်သော နတ်သည် သုံးကြိမ်တိုင် သာဓုခေါ်၏။ သဌေးကြီးကြားသော် "ဤသို့ကြာမျှငါသည် အလှူဒါနပေး၏။ ယခုမှသာဓုခေါ်သလော" ဟု မေး၏။

WWW.DHAMMARANSI.COM



နတ်မင်းသော "သင့်အလှူအတွက် မဟုတ်၊ အနုရုဒ္ဓာသည် အရှင်ပစ္စေကဗုဒ္ဓါအား ပေးလှူသောဆွမ်း၌ ကြည်ညိုသည်ဖြစ်၍ ငါသည် ဤသို့ သာဓုခေါ်သည်"ဟု ပြောဆို၏။

## မြက်ထမ်းသမား သဌေးကြီးဖြစ်ခြင်း

နတ်မင်း၏စကားကိုကြားလျှင် သဌေးသည် များစွာ ဝမ်းမြောက်၍ အနုရုဒ္ဓာ မြက်ထမ်းသမားထံမှ အလှူကို ဝယ်၏။ အသပြာတစ်ထောင်အထိပေး၏။ အနုရုဒ္ဓာသည် ပစ္စေကဗုဒ္ဓါထံ အမှီလိုက်ကာ လျှောက်ထား၏။ အရှင်ပစ္စေကဗုဒ္ဓါက—

"အို-ပညာရှိ — အိမ်တရာရှိသောရွာတွင် အိမ်တအိမ်ဆီမီး ထွန်းညှိထား၏။ ထိုအိမ်မှဆီမီးကို အိမ်ပေါင်းတရာ လာ၍ ညှိသော် ထိုအိမ်မှဆီမီးသည် အရောင်မှိန်၍ သွားသည်လော၊ ကုန်ပျောက်၍သွားသည်လော" ဟု မေးတော်မူ၏။ ထိုအခါ အနုရုဒ္ဓာက....

"အရှင်ဘုရား...အရောင်ရှိသည်ဖြစ်ပါ၏"

"အို-ပညာရှိ .... ဤဥပမာ အတိုင်း တဇွန်း တယောက်မျှသော ဆွမ်းအလှူပင် ဖြစ်စေတာမူ သူတပါးတို့အား ကုသိုလ်အဖို့ကို အမျှပေးဝေ၏။ အဘယ်မျှလောက်ပင်ပေးဝေကာမူ ပေးဝေသမျှကုသိုလ်သည် တိုးပွားတော့သည်သာတည်း။ သဌေးကြီးအား အမျှပေးဝေလော့"

ဟု မိန့်တော်မူ၏။ အနုရုဒ္ဓာသည် သဌေးကြီးထံ ပြန်သွား၍ သဌေးကြီးအား အမျှပေးဝေ၏။ အသပြာ တစ်ထောင်ကို ပေးလျှင် လှူဒါန်းသောဆွမ်းကို ရောင်းချသည်မဟုတ်ပါ။ သဒ္ဓါတရားဖြင့်သာ ပေးဝေပါသည်ဟု ပြော၏။ သဌေးကြီးလည်း ဝမ်းမြောက်လှ၍ "အသင်၏ သဒ္ဓါတရားဖြင့် ပွားသော အဖို့

WWW.DHAMMARANSI.COM



အမျှကို ငါယူပါ၏။ အသင်အား ဤအသပြာဘစ်ထောင်ဖြင့် ပူဇော်ပါ၏။ ယနေ့မှစ၍ အိမ်တံခါးဆောင်ကို သောက်၍ နေပါသော့။ အမှုကြီးငယ်ကိုမပြုပါနှင့်။ အသင်အလိုရှိသမျှ ဥစ္စာကို ငါ့ထံမှ ယူလော့''ဟု ဆို၏။

နိရောဓ သမာပတ်မှ ထသော ပစ္စေကဗုဒ္ဓါအား လှူရသည့် အကျိုးသည် နေ့ချင်းပင်အကျိုးပေး၏။ ပြည့်ရှင်မင်းသည် ထို အကြောင်းကို ကြားသိလျှင် အန္နဘာရထံမှ အမျှပေးဝေခြင်း ပြုစေပြီးသော် သဌေးကြီးအရာ၌ ချီးမြှောက်၏။ သုမန သဌေး နှင့် အန္နဘာရသဌေးတို့သည် တသက်လုံးချစ်ကြည်စွာနေကြ၏။

အနုရုဒ္ဓါမင်းသားကို ဖွားမြင်ခြင်း

အန္နဘာရသဌေးသည် ကုသိုလ်ကောင်းမှုတို့ကိုပြု၍ စုတေ သော် လူ့ပြည် နတ်ပြည်ဘို့၌ ကျင်လည်ခံစားလျက် ဂေါတမ ဘုရား ပွင့်တော်မူသောအခါ ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်း ကြီး၏ ညီတော်အရင်း အမိတောဒနသာကီဝင်မင်း၏သားတော် အနုရုဒ္ဓါ ဖြစ်လာ၏။

အနုရုဒ္ဓါသည် အလွန် ဘုန်းကြီး၏။ ကစားရာတွင်ပင် မုန့် များ ရှုံး၍ အိမ်သို့ အကြိမ်ကြိမ် စေလွှတ်ရာ မုန့်ကုန်သောအခါ ရွှေခွက်ကို အုပ်၍ မရှိမုန့်ကို ပို့စေ၏။ ရှေးဆုတောင်းကြောင့် နတ်တို့မနေသာ၍ နတ်၌ဖြစ်သောမုန့်တို့ကိုပေး၏။ အနုရုဒ္ဓါသည် ထမင်းဖြစ်ရာဌာနကိုပင် မသိ။ မရှိစကား နားမှလေသံ မကြား ဘူးချေ။

တနေ့သ၌ အနုရုဒ္ဓါမင်းသား၏ နောင်တော် မဟာနာမက ထွက်ခင်းဖြစ်ပေါ်လာရာကို သိစေခြင်းငှာ လယ်ကို ထွန်စေ၏။ လူ့ဘောင်၌ ပြုဖွယ်ကိစ္စတို့ကို ညွှန်ပြပြောဆို၏။ အနုရုဒ္ဓါသည်

WWW.DHAMMARANSI.COM


လူ့ဘောင်ကို ကြောက်လန့်၍ ဘဒ္ဒိယမင်းသား အမှူးရှိသော ငါးဦးသော သာကီဝင်မင်းသားတို့နှင့်အတူ ရဟန်းပြု၏။ ကျင့်ဝတ်ပဋိပတ်ကို နေ့ညဥ့်မပြတ် အားထုတ်လျက် အစဥ်အတိုင်းအားဖြင့် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဆိုအပ်သော သုံးပါးကုန်သော အဝိဇ္ဇာတို့ကို မျက်မှောက်ပြုတော်မူရ၍ တနေရာ၌ထိုင်ယင်းပင် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် စထောင်သောစကြာဝဠာကို ထုတ်ချင်းခပ်မြင်နိုင်၏။ ဤကား ပဒုမုတ္တရဘုရား ခြေတော်ရင်း၌ ဆုတောင်း ပတ္ထနာခြင်း၏ အကျိုးဆက်တည်း။

## သုမနသဒ္ဒေးကိုရှာဖွေခြင်း

အရှင်အနုရုဒ္ဓါသည်အဘယ်ကောင်းမှုကံကြောင့်ဤသို့သော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းဖြစ်ရလေသနည်းဟု ကြည့်ရှုတော်မူသော် အန္နဘာရမြက်ထမ်းသမား ဘဝအဖြစ်ကို ပြန်မြင်တော်မူ၏။ ငါ၏အဆွေခင်ပွန်း သုမနသဒ္ဒေး အဘယ်အရပ်၌ဖြစ်လေသနည်းဟု ကြည့်ရှုတော်မူသော် မုဏ္ဍနိဂုံး၌ မဟာသုမန၊ စူဠသုမနတွင် အငယ်စူဠသုမန ဖြစ်သည်ကို မြင်တော်မူ၏။ ထိုစူဠသုမနသည် သာသနဝန်ဘမ်း ရဟန်းပြုလျက် ဆံရိတ်သည့် သင်ခုန်း၏ အဆုံး၌ပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူမည့် အကြောင်း ကောင်းစွာသိတော်မူ၏။

သို့ဖြစ်၍ ဝါကပ်ဆိုမည့် လပြည့်ကျော် တရက်နေ့တွင် ဆောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ မဟာမုဏ္ဍဥပါသကာ၏ ရွာတံခါးအနီး၌ သက်ဆင်းတော်မူ၏။ မဟာမုဏ္ဍဥပါသကာမြင်လျှင် သားကြီးသုမနကို အိမ်သို့ပင့်စေ၍ ဝါတွင်းသုံးလပတ်လုံး ဤအိမ်၌သီတင်းသုံးပါရန် ခွင့်တောင်းလျှောက်ထား၏။ အနု

WWW.DHAMMARANSI.COM



ရုဒ္ဓါမထေရ်လည်း ဆည်းခံဖော်မူ၍ ဝါတွင်းသုံးလ ပတ်လုံး သီတင်းသုံးတော်မူ၏။

## စူဠသုမန ရဟန်းပြုခြင်း

သီတင်းကျွတ်သော် မဟာမုဏ္ဍသည် အရှင်မြတ်အားသင်္ကန်း သုံးထည်နှင့် ဆီ ဆန် တင်လဲတို့ကို လှူဒါန်း၏။ ငါမယူလိုဟု ငြင်းပယ်တော်မူ၏။ ဝါကပ်ဆိုသောပုဂ္ဂိုလ်တို့က "ရသင့်ရထိုက်သော ဝဿာဝါသိက လာဘ်ဖြစ်၍ အလှူခံထိုက်ပါသည်" ဟု လျှောက်ထား၏။ ထိုအခါ အနုရုဒ္ဓါက ငါ၌ ကပ္ပိယလည်းမရှိ သာမဏေလည်း မရှိခြင်းကြောင့် မခံယူခြင်း ဖြစ်ပေသည်ဟု မိန့်၏။

ထိုသို့ဖြစ်လျှင် မဟာသုမနကို သာမဏေပြု၍ ခေါ်ထားပါ ဟုလျှောက်၏။ "မဟာသုမနကို ငါအလိုမရှိ" ဟု မိန့်တော်မူပြန်သော် "စူဠသုမနကို သာမဏေပြုပါလော့" ဟု လျှောက်ထား၏။ မထေရ်သည် "ကောင်းလှပါပြီ" ဝန်ခံ၍ စူဠသုမနကိုသာ သာမဏေ ပြုတော်မူ၏။

စူဠသုမနသည် ဆံရိတ်ယင်း သင်ကြားပေးထားသော တစ ပဉ္စက ကမ္မဋ္ဌာန်းကို နှလုံးသွင်းရာမှ ဆံရိတ်ပယ်သုံး သင်မှုန်း၏ အပြီးဆုံး၌သာ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## သုမနသာမဏေနှင့် ပန္နကနဂါးမင်း တန်ခိုးပြိုင်ခြင်း

အနုရုဒ္ဓါမထေရ်သည် တဆယ့်ငါးရက်မျှ ထိုရွာ၌ သီတင်း သုံးပြီး မြတ်စွာဘုရားဖူးမြော်ရန်ကြံစည်၍ သုမနသာမဏေ၏ ဆွေမျိုးတို့ကို ခွင့်ပန်ကြားပြီး အနုရုဒ္ဓါမထေရ်နှင့် သုမနသာမဏေတို့သည် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကြ၏။

ဒုတိယအကြိမ်

WWW.DHAMMARANSI.COM

# စူဠသုမန ရဟန်းပြုခြင်း



အရှင်အနုရုဒ္ဓါသည် အမြဲမပြတ် အားထုတ်အပ်သော ဝီရိယ ရှိသည့် ပုဂ္ဂိုလ်ပေတည်း။ ပေမ်းခရီးတွင် ဟိမဝန္တာအရပ်ဝယ် တောကျောင်း၌ သက်ဆင်းတော်မူ၍ နား နေ တော် မူ စဉ်.... တည၌ ပဟ်လုံး စကြံနှုံကြွ၍ အားထုတ်တော်မူရာမှ လောနာသည် ပြင်းထန်စွာ ပေါ်ပေါက်လေ၏။ မရှင်မလန်း ဝေဒနာခံစားရ

WWW.DHAMMARANSI.COM



သောအရှင်ကိုမြင်၍ သုမနသာမဏေက လျှောက်မေးလေလျှင် "ငါ့အား ရင်၌လေနာသည် ပြင်းထန်စွာဖြစ်ပေါ်နေ၏" ဟု မိန့်တော်မူ၏။ "ယခင်ကဖြစ်ဖူးပါသလော" ဟု မေး၏။ "ဖြစ်ဖူးပေ၏" ဟု မိန့်တော်မူ၏။ "အဘယ်ဆေးဖြင့် ချမ်းသာပါသနည်း" ဟုမေးလျှောက်လျှင် "ငါ့ရှင်သာမဏေအနောတတ္တအိုင်မှရေဖြင့် ချမ်းသာသည်ဖြစ်ပေ၏" ဟု ဆိုလျှင် "အရှင်ဘုရား-အနောတတ္တ အိုင်မှရေကို တပည့်တော် ဆောင်ယူပါအံ့" ဟု လျှောက်၏။

"အသင်စွမ်းနိုင်သလော" ဟု မေး၏။ "စွမ်းနိုင်ပါသည်" ဟု လျှောက်သော်လျှင် "ကောင်းလှပေပြီ၊ ထိုအနောတတ္တအိုင်မှ ပန္နကနဂါးမင်းသည် ငါ့ကိုသိ၏။ နဂါးမင်းအား ပြောကြား၍ ရေတအိုးကိုဆောင်ခဲ့လော့" ဟု မိန့်တော်မူ၏။ သာမဏေသည် တောင်းကင်ခရီးဖြင့် ယူဇနာငါးရာကွာသော အနောတတ္တအိုင် ရှိရာအရပ်သို့ ကြွသွား၏။

## နဂါးမင်း စိတ်ဆိုးခြင်း

ထိုနေ့တွင် နဂါးမင်းသည် နဂါးမကညာ့ချေသည်အပေါင်း နှင့် ရေကစားပျော်မြူးနေ၏။ ကောင်းကင်ခရီးဖြင့် လာသော သုမနသာမဏေကိုမြင်ရုံနှင့် အမျက်ထွက်၏။ အနောတတ္တအိုင်မှ ရေကို ယူရန်လာသည် ဖြစ်ပေလတံ့။ ငါမပေးဟု ယူဇနာ ငါးဆယ်ရှိသော အနောတတ္တအိုင်ကို မိမိ၏ပါးပျဉ်းဖြင့် ဖုံးအုပ် ၍ အိပ်နေ၏။ သာမဏေသည် နဂါးမင်း ငါ့ကို အမျက်ထွက် သည်ဟု သိတော်မူသောကြောင့်....

"လျင်မြန်သောတန်ခိုးရှိသော ခွန်အားစွမ်းပကား ရှိသော နဂါးမင်း....ငါ၏စကားကို နားထောင်ပါဦးလော့၊ ဆေး အာ

WWW.DHAMMARANSI.COM



တွက် လာခဲ့သည်ဖြစ်ပါ၏။ ရေတအိုးလောက် ငါ့အား ပေးပါလော့"

"သာမဏေ ဤအရပ်မှ အရှေ့အရပ်၌ ဂင်္ဂါမြစ်ကြီးသည် သမုဒ္ဒရာသို့ စီးဝင်နေ၏။ ထိုဂင်္ဂါမြစ်မှ အသင်သည် ရေကို ယူဆောင်လေလော့"

"နဂါးမင်း....ဤအနောတတ္တအိုင်မှ သောက်ရေကိုသာ ငါသည် ယူဆောင်ပေအံ့။ ဤအနောတတ္တရေကိုသာ ငါ၏ဆရာ အလိုရှိသည်။ သင်နဂါးမင်းသည် တန်ခိုးစွမ်းအင် အစွယ်၌ ရှိခဲ့ပါလျှင် မယူနိုင်အောင်ကြံဆောင်လေလော့"

"မောင်ရှင်သာမဏေလေး....သင် ရဲစွမ်းရှိလျှင် ငါ၏ ရေကို သင်သည် မရ ရအောင် ယူဆောင်လေလော့"

"ကောင်းပြီနဂါးမင်း....အသင်၏စကားကို ကောင်းစွာမှတ်သားပေလော့" ဟု သုံးကြိမ်တိုင်တိုင် ဝန်ခံမှု ပဋိညာဉ်ကိုယူပြီးနောက် အာကာသ၌နတ်မင်းထံသွား၍လည်းကောင်း၊ လောကပါလနတ်မင်းကြီးလေးပါး၊သိကြားမင်း၊ သုယာမနတ်၊ သန္တုသိတနတ်မှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် သွားရောက်ပြီးမှ တမုဟုတ်ချင်းဖြင့် လှည့်လည်၍....

"အနောတတ္တအိုင်၌ နဂါးမင်းနှင့်စစ်ထိုးမည်။ လာရောက်ကြည့်ရှုကြကုန်လော့" ဟု လှည့်သည်ပြောကြား၏။ နတ်ဗြဟ္မာအပေါင်းတို့သည် အနောတတ္တအိုင်အထက်၌ အကြားမလပ်ပြည့်ကျပ်၍ ရောက်လာကြ၏။ ထိုအခါ သုမနသာမဏေသည် ကောင်းကင်၌နေ၍ နဂါးမင်းကို သုံးကြိမ်တိုင်တိုင် ယခင်အတိုင်း ပြောကြား၏။ နဂါးမင်းက "သင်ယူနိုင်လျှင် ယူလော့"ဟု သုံးကြိမ်တိုင်တိုင် ပြန်ကြား၏။

WWW.DHAMMARANSI.COM



5 [စကျူဆ အကြွင်]

WWW.DHAMMARANSI.COM



သုမနသာမဏေသည် တဆယ့်နှစ်ယူဇနာရှိသော ပြဟ္မာမင်းကြီး ခန္ဓာကိုယ်ကို ဖန်ဆင်း၍ နဂါးမင်း၏ ပါးပျဉ်းကိုနင်း၏။ ပါးပျဉ်းသည် ရေအောက်သို့ကျသွားလျှင် ပါးပျဉ်း၏အပေါ်သို့ ရေတို့သည် အံထွက်၍တက်လာ၏။ သာမဏေသည် ကောင်းကင်မှ ရေအိုးကို ပြည့်စေ၏။ နတ်ပြဟ္မာ အပေါင်းတို့သည် တပြိုင်နက် ကောင်းချီးပေးကြကုန်၏။

## နဂါးမင်းစိတ်ဆိုး၍လိုက်ခြင်း

နဂါးမင်းသည် ဤသာမဏေယ်သည် နတ်ပြဟ္မာအပေါင်းအသယ်တွင်း ငါ့ကိုအရှက်ခွဲ၏-ငါ့ရေကိုယူ သွားသည်။ သာမဏေငယ် ကို ဖမ်း၍ ခံတွင်း၌ထည့်သွင်းပြီး ဂင်္ဂါမြစ်တဘက်သို့ ပစ်လွှင့်အံ့ဟုကြံပြီး သာမဏေနောက်မှ အဟုန်ပြင်းစွာဖြင့် လိုက်၏။ သာမဏေ၏တန်ခိုးကြောင့် နဂါးသည်လိုက်၍မမီ။

သုမနသာမဏေသည် ခုနစ်နှစ်သားအရွယ်နှင့်ပင် ဥပဇ္ဈာယ်ဆရာ၏ထံသို့ ရေကို ဆက်ကပ် လှူဒါန်း၏။ နဂါးမင်းသည် နောက်မှလိုက်၍- "အရှင်အနုရုဒ္ဓါ....ဤသာမဏေသည် ငါ့ မပေးပဲ ရေကိုယူ၍လာသည်၊ သောက်တော်မမူပါနှင့်"ဟု ဟစ်အော် လျှောက်ထား၏။

အရှင်အနုရုဒ္ဓါက ငါ့ရှင်သာမဏေ-ဟုတ်မှန်ပေသလော" ဟု မေးတော်မူလျှင်-

"အရှင်ဘုရား....သောက်တော်မူပါ၊ ဤနဂါးမင်းက တပည့်တော်အား ဆောင်ယူနိုင်သော် ရေကိုယူပေတော့ဟု ပေးအပ်ပါသည်"ဟု လျှောက်၏။ အရှင်အနုရုဒ္ဓါသည် ရဟန္တာဖြစ်ပြီးသော သာမဏေမှာ မုသားပြောဆိုခြင်းမရှိဟု သိတော်မူခြင်း

WWW.DHAMMARANSI.COM



ကြောင့် မှေကို သောက်သုံးတော်မူသောအကျဉ်ပင် ပြင်းစွာတက်ကြွသော လေနာသည် ပျောက်ကင်းလေ၏။

## နဂါးမင်းက မိတ်ဖွဲ့ခြင်း

အရှင်အနုရုဒ္ဓါအား နဂါးမင်းက- "အရှင်ဘုရား....ဤသာမဏေငယ်သည် နတ် ဗြဟ္မာတို့အလယ်တွင် တပည့်တော်ကို အရှက်ခွဲပါသည်။ တပည့်တော်သည် ထိုသာမဏေ၏ နှလုံးကိုလည်း ခွဲအံ့၊ ခြေတို့ကိုမူလည်း ကိုင်ဆွဲ၍ ဂင်္ဂါမြစ်တဘက်ကမ်းသို့ ပစ်ချေအံ့ဟု ကြံစည်မိပါသည်" ဟု လျှောက်ထား၏။

"တကာတော် နဂါးမင်း....သာမဏေငယ်သည် ကြီးကျယ်မြင့်မြတ်သောအာနုဘော်ရှိ၏။ အသင်သည် မနိုင်အနိုင် စစ်ပြိုင်ခြင်းငှာ စွမ်းနိုင်မည်မဟုတ်၊ သာမဏေငယ်ကိုသည်းခံစေ၍ ပြန်ပေလော့" ဟု မိန့်တော်မူ၏။

နဂါးမင်းကိုယ်တိုင် သာမဏေ၏ဘုန်းခိုးကို သိ၏။ ရှက်လှ၍ နောက်ကလိုက်ခဲ့ခြင်းဖြစ်၏။ မထေရ်မိန့်ဆိုသောစကားဖြင့် သာမဏေငယ်အား သည်းခံစေ၍ အဆွေခင်ပွန်းအဖြစ် တရင်းတနှီးပြုပြီးနောက်- "အရှင်ဘုရား....အနောတတ္တရေကို ယနေ့မှစ၍ အလိုရှိပါလျှင် အရှင်ဘုရား ကြွမလာပါနှင့်တော့၊ တပည့်တော်ထံ အကြောင်းကြားပါလျှင် တပည့်တော် ယူဆောင်၍ ပေးလှူပါမည်" ဟု လျှောက်ထား၍ ပြန်သွားလေ၏။

## မြတ်စွာဘုရားက ဘုန်းခိုးပြစေတော်မူခြင်း

အရှင်အနုရုဒ္ဓါသည် သုမနသာမဏေကိုခေါ်၍ ကြွတော်မူ၏။ မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးယင်း မထေရ်၏ကြွလာခြင်းကိုကြည့်ရှုတော်မူ၏။ ရဟန်းတို့သည် အရှင်

WWW.DHAMMARANSI.COM



အနုရုဒ္ဓါမထေရ်အား ခရီးဦးကြိုဆိုလျက် သပိတ်, သင်္ကန်းကို လှမ်း၍ ယူကုန်၏။

ကျောင်းတော်ရှိ ရဟန်းငယ်နှင့် သာမဏေများက သုမန သာမဏေအား ငယ်ရွယ်လှသည်ဟု ချစ်စနိုးဖြင့် ဦးခေါင်းကို ပုတ်၊ နားကိုဆွဲ၊ လက်ကိုဆွဲနှင့် နှုတ်ဆက်ကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းငယ်နှင့် သာမဏေငယ်တို့မှာ အဆိပ်ရှိသောမြွေကို လည်ပင်းမှကိုင်သကဲ့သို့ ကိုင်ကြကုန်၏။ သုမနသာမဏေ၏ တန်ခိုးကို မသိကြ။ ရဟန္တာဖြစ်ကြောင်းလည်း မသိကြ။ ယခု သုမနသာမဏေ၏ဂုဏ်ကျေးဇူး ထင်ရှားစေအံ့ဟု ကြံစည်တော်မူ၏။ အရှင်အနုရုဒ္ဓါနှင့်ပဋိသန္ထာရကိုပြုပြီး အာနန္ဒာမထေရ်ကို

"ချစ်သား အာနန္ဒာ.... အနောတတ္တရေအိုင်မှ ရေဖြင့် ခြေတော်တို့ကို ဆေးကြောလိုသည်၊ သာမဏေတို့အား ရေအိုးကို အပ်၍ ရေကိုဆောင်ယူစေလော့"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် ကျောင်းတော်မှ ငါးရာခန့် မျှသော သာမဏေတို့ကို စုရုံးစည်းဝေးစေ၏။ ထိုသာမဏေတို့တွင် သုမန သာမဏေသည် အားလုံးထက် အငယ်ဆုံးဖြစ်၏။အရှင်အာနန္ဒာ သည် သာမဏေတို့အား "မြတ်စွာဘုရားသခင် ခြေတော်ဆေးရန်အတွက် အနောတတ္တအိုင်မှ ရေကို ဤရေအိုးဖြင့် ယူငင်၍ ဆောင်ယူစေလော့"ဟု မိန့်တော်မူ၏။

သာမဏေအားလုံးက "တပည့်တော်တို့ မစွမ်းနိုင်ပါ" ဟု လျှောက်ကြ၏။

ဤသာမဏေအားလုံးတို့တွင် ရဟန္တာဖြစ်ပြီးသောသာမဏေတို့ ပါရှိကြသော်လည်း ဤပန်းထုပ်သည် သုမန သာမဏေ အတွက်သာချည်ရှယ်သော ပန်းထုပ်ဟု သိတော်မူသောကြောင့်

သွားရောက်ဆောင်ယူခြင်းပြုပါမည်ဟု မလျှောက်ထားကြခြင်း ဖြစ်သေသည်။ သုမနသာမဏေ အလှည့်သို့ရောက်သော် "တပည့်တော်ဆောင်ယူပါအံ့"ဟု ကျောင်းတွင်ရှိသော ပကတိ ရေအိုး အလုံးခြောက်ဆယ်မျှ ဆံ့ဝင်သည့် ရေအိုးကြီးကို တွဲလွဲ ဆွဲကိုင်၍ ကောင်းကင်သို့တက်ပြီး ဟိမဝန္တာသို့ ရှေးရှု ကြွသွားတော်မူ၏။

နဂါးမင်းသည် သာမဏေကို အဝေးမှမြင်လျှင် ခရီးဦးကြို ပြု၍ ရေအိုးကိုထမ်းယူပြီး- "တပည့်တော်ရှိပါလျက် အဘယ်ကြောင့် ကိုယ်တိုင်ကြွလာပါသနည်း၊ သတင်းစကားစေလွှတ်ပါက တပည့်တော်ကိုယ်တိုင် လာ၍ပို့ပါမည်"ဟု ရေအိုးကို ရေဖြင့် ခပ်ယူပြီး နဂါးမင်းကိုယ်တိုင်ထမ်း၍ "အရှင်ဘုရား- ရှေ့မှ ကြွပါ၊ တပည့်တော် ထမ်းခဲ့ပါမည်"ဟု ပြောဆို၏။

"မြတ်သောမင်းကြီး.... အသင် နေခဲ့ပါလော့၊ ငါ့ကိုသာ မြတ်စွာဘုရား ကစေခိုင်းတော်မူပေသည်"ဟု ပြောဆို၍ ရေအိုးကို မျက်နှာဝဌ် လက်ဖြင့် ကိုင်ငင်ဆွဲယူ၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏။

## ရဟန်းအဖြစ် ချီးမြှင့်ခြင်း

မြတ်စွာဘုရားသည် ရှေးရှု လာနေသော သုမန သာမဏေကို ကြည့်ရှုတော်မူပြီး ရဟန်းတို့ကို ခေါ်တော်မူကာ-

"ချစ်သားတို့.... သုမန သာမဏေ၏တင့်တယ်ခြင်းကိုကြည့်ရှု ကြကုန်လော့၊ ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့အလွန်တင့်တယ်လှ၏"ဟု မိန့်တော်မူ၏။

သုမန သာမဏေသည် ရေအိုးကို သင့်လျော်ရာ၌ ချထားပြီး မြတ်စွာဘုရားအား ရှိခိုး၍နေ၏။ မြတ်စွာဘုရားက-

WWW.DHAMMARANSI.COM



"ချစ်သား သုမန.... အသက်ဘယ်နှစ်နှစ်ရှိသနည်း"ဟုမေးတော်မူ၏။

"အသက်ခုနစ်နှစ်ရှိတော်မူပါပြီဘုရား"

"ခုနစ်နှစ်ရှိလျှင် ချစ်သား သုမန.... ယနေ့မှစ၍မြင့်မြတ်သောရဟန်း ဖြစ်ပေလော့"ဟု မိန့်တော်မူ၍ ဒါရဇ္ဇအတွင်းပဥ္စင်းအဖြစ်ကို ပေးသနားတော်မူ၏။

ထိုနေ့ တရားသဘင်၌ သာမဏေလေး၏ တန်ခိုးကို ချီးကျူး၍ 'ဤသို့သော တန်ခိုးအာနုဘော်ကို မမြင်ဘူးပေ'' ဟု အံ့သြဘနန်း ရဟန်းတို့ ပြောဆိုနေကြသည်ကို မြတ်စွာဘုရားသခင် ကြွားတော်မူ၍ တရားကို ဟောကြားတော် မူလိုသောကြောင့်-

၃၈၂။ ယော ဟဝေ ဒဟရော ဘိက္ခု၊
ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သော မံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တော ဝ စန္ဒိမာ။


၃၈၂။ အကြင်ရဟန်းသည် ငယ်ရွယ်သော်လည်းဗုဒ္ဓသာသနာတော်၌ စင်စစ်လုံ့လ ကြိုးစားအားထုတ်ပေ၏။ ထိုရဟန်းသည် တိမ်ခိုက်မှလွတ်သော လမင်းကဲ့သို့ ဤလောကကိုထွန်းလင်းတောက်ပစေ၏။

(ဓမ္မပဒ ဘိက္ခုဝဂ် တဆယ့်နှစ်ခုမြောက် သုမန သာမဏေဝတ္ထု၊ ခေတ်မီဓမ္မပဒ ( ဥမတဲ့မှ)

စေတနာအကြိုမှ

WWW.DHAMMARANSI.COM

# ဧတဒဂ်ရရှင်ရေဝတ
# ဝတ္ထု



ေဘုဿအကြိမ်

WWW.DHAMMARANSI.COM

# ၅။ ဇာတဒင်္ဂရ ရှင်ရေဝတ

အရှင်သာရိပုတ္တရာ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်မှစ၍ ညီတော် စုန္ဒအပြင်ညီမတော်များဖြစ်ကြသည့် စာလာ၊ ဥပစာလာ၊ သီသူပစာလာ စသည်ဖြင့် လေးပါးစလုံး ရဟန္တာ ရဟန္တာမချည်း ဖြစ်ကြကုန်၏။

ခုနစ်နှစ်သားအရွယ် ညီငယ် 'ရေဝတ'သာ ကျန်၏။

မိခင် သာရီပုဏ္ဏေးမကြီးမှာ ဗြဟ္မဏအယူ မိစ္ဆာဒိဋ္ဌိပင်ဖြစ်နေသေး၏။

ရှင်သာရိပုတ္တရာက ရဟန်းကျောင်းများ၌ ညီငယ် ရေဝတရောက်လာလျှင် ရှင်သာမဏေ ပြုပေးနိုင်ကြသည်ဟု မှာကြားထား၏။

## မင်္ဂလာပွဲ ခြိမ့်ခြိမ့်သည်း

သာရီပုဏ္ဏေးမသည် သားငယ်ရေဝတရဟန်းပြုမည်ကို စိုးရိမ်နေ၏။ ကြွယ်ဝသော ရှစ်ဆယ့်လေးကုဋေကို သားငယ် ရေဝတ ခံစားစေလို၏။ ထို့ကြောင့်စိတ်ချရအောင် ခုနစ်နှစ်သားအရွယ်တွင်ပင် တမြို့တရွာရှိ အမျိုးတူဇာတ်တူ အရွယ်တူ မိန်းကလေးနှင့် လက်ထပ်ပေးစားရန် စီစဉ်၏။

သတို့သမီးရှိရာ ရွာသို့ သွားရောက် မင်္ဂလာ ဆောင်ကြ၏။ နှစ်ဘက်သာဆွေးတို့ မင်္ဂလာပွဲကြီး စည်ကား၏။

သတို့သမီးကိုခေါ်ဆောင်ရန် သတို့သမီး၏မိဘများကို ကန်တော့ကြ၏။ (အသက် ၁၂၀ ရှည်စေသော်) ဟု ဆုပေးကြ၏။

ဇေတုဿအညြိမ်

WWW.DHAMMARANSI.COM



ရေဝတသည် အသက် ၁၂၀ ဆိုသည်မှာ အကြာကြီးပါသားဟု စဉ်းစားလာ၏။

## အသက်တစ်ရာ့နှစ်ဆယ်

သတို့သမီး၏အဘွားထံ ကန်တော့ရန် သွားကြ၏။

အသက်တစ်ရာ့နှစ်ဆယ်ရှိသော အဘွားသည် ခန္ဓာကိုယ်မှာ အသားမရှိတော့ အရိုးပေါ်မှာ တွန့်လိမ်ရှုံ့တွသော အရေပြား၊ နေစွန်း၍ တုန်ယင်သော ဦးခေါင်းကိုလှုပ်ကာ၊ တုန်ယင်သော အသံဖြင့်ဆုပေး၏။

ရေဝတ က ဦးရီးသားချင်းများအား ယခု မင်္ဂလာဆောင်သော သတို့သမီးမှာအသက်တစ်ရာ့နှစ်ဆယ်ရှိလျှင်ဤအဘွားလိုပင် ဖြစ်လာမည်လားဟု မေးမြန်း၏။ ဦးရီး သားချင်းများက ရယ်သွမ်းသွေးကာ "အိုလာယင် ဒီလိုဖြစ်မှာပေါ့"ဟု ပြော၏။

ရေဝတသည် "ဒါဖြင့် ဘာလုပ်ဖို့လဲ" ဟု သံဝေဂ စိတ်ဖြင့် စက်ဆုတ်၍လာ၏။

## ထွက်ပြေး၍ သာမဏေပြုခြင်း

ခုနစ်နှစ်ရွယ် ရေဝတသည် သံဝေဂဖြစ်ကာ အပြန်ခရီးတွင် သတို့သမီးငယ်နှင့် ပေါင်းမိုးလှည်းအဘွင်း အတူစီးယင်း ပရိယာယ်ဆင်ကာ လမ်းခရီးတွင် ထွက်ပြေးတော့၏။

တအားပြေးယင်း ရဟန်းကျောင်းဘခုသို့ရောက်၏။ ရှင်သာမဏေပြုပေးပါဟု တောင်းပန်၏။ ရှစ်ဆယ့်လေးကုဋေ သဌေးသား သတို့သားလောင်း၏ကိုယ်မှာ အဖိုးတန် ရတနာများဖြင့် ပြည့်နေ၏။ ရဟန်းတို့က ရှင်ပြုမပေးရဲ၊ အရှင်သာရိပုတ္တရာ၏ ညီအငယ် ရေဝတဖြစ်ကြောင်း ပြောမှ မှာကြားထားသော စကား

WWW.DHAMMARANSI.COM



ကိုသတိရပြီး ရှင်သာမဏေ ပြုပေးကြ၏။ ရှင်သာရိပုတ္တရာထံ သတင်းစကားပို့၏။

ရှားတောသို့ကြွခြင်း

ရှင်သာရိပုတ္တရာသည် ညီတော်ထံ သွားရန် မြတ်စွာဘုရားသခင်ထံ ခွင့်တောင်း၏။

ဘုရားသခင်သည် ဆင်ခြင်တော်မူသော် ရှင်ရေဝတ၏ထူးခြားသောအကြောင်း ပြည့်စုံသည်ကို မြင်တော်မူ၍ ရှင်သာရိပုတ္တရာအား မသွားစေပဲ ဆိုင်းငံ့ထားတော်မူ၏။

ရှင်ရေဝတသည် စဉ်းစား၏။

မိခင်ကြီးနှင့်တကွ ဆွေမျိုးများသည် နေရာအနှံ့လိုက်၍ရှာကြပေတော့မည်။ ဤအရပ်၌ နေ၍မသင့်ဟု စဉ်းစားမိသည့်အလျောက် ရဟန်းတော်များထံ ကမ္မဋ္ဌာန်းတရားများသင်ယူပြီး တပါးတည်း တရားအားထုတ်ရန် ခွင့်တောင်း၏။

ခွင့်ရလျှင် မိဘဆွေမျိုးများ ရှာမတွေ့နိုင်ရန် လူသူမရောက်မပေါက်နိုင်သည့် ခရီးကြမ်းကိုရှာပြီး တောနက်ကြီးကိုကျော်လွန်ကာ ရှားငုတ်များထူထပ်သည့် ရှားတောသို့ ဝင်လေ၏။ ရှားငုတ်များမှာ ခြေဖြင့်ထိမိလျှင် ခြေကိုဟက်တက်ခွဲ၏။

ခုနစ်နှစ်သား ရဟန္တာဖြစ်ခြင်း

ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံ ခွင့်တောင်းပြန်၏။ ချစ်သား သာရိပုတ္တရာ သည်းခံလေဦး၊ ငါဘုရားပါကြွတော်မူမည်ဟု မိန့်တော်မူပြီး ဝါတွင်းသုံးလကိုလွန်စေ၏။

ရှင်ရေဝတသည် ဝါတွင်းသုံးလအတွင်း ကမ္မဋ္ဌာန်းတရားကို မဆုတ်မနစ် အားထုတ်သောသဖြင့် ပဋိသမ္ဘိဒါမဂ်တို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

WWW.DHAMMARANSI.COM



## မြတ်စွာဘုရား ကြွချီတော်မူခြင်း

ဝါကျွတ်၍ ပဝါရဏာပြုပြီးသော် ရှင်သာရိပုတ္တရာသည် ခွင့်တောင်းပြန်၏။ ဘုရားသခင်က ငါတို့လည်း သွားပေအံ့ဟု ငါးရာသော ရဟန်းတို့နှင့် ကြွတော်မူ၏။

ခရီးလမ်းခွဲ လမ်းဆုံတခုသို့ ရောက်သော် အရှင်အာနန္ဒာက လျှောက်၏။ ဤလမ်းသည် လူတို့နေရာနှင့် အဆက်မပြတ်ပါ၊ သို့သော် ယူဇနာခြောက်ဆယ် ဝေးကွာပါသည်။ ထိုလမ်းသည် လူသူမနီး ခရီးကြမ်း၏။ ခရီးလမ်းဖြောင့်၍ ယူဇနာသုံးဆယ် သာ ဝေးပါသည်ဟု လျှောက်၏။

မြတ်စွာဘုရားသခင်က ငါ၏သားတော် 'သီဝလိ'' ပါလာ သည်။ ခရီးလမ်းဖြောင့်သာ ယူလော့ဟု မိန့်တော်မူ၏။ အရှင် သီဝလိ၏ ရှေးကောင်းမှုကံကို ထင်ရှားစေလို၍ ဖြစ်၏။

တောအုပ်သို့ရောက်လျှင် နတ်တို့က ''ငါတို့အရှင်သီဝလိ မထေရ်အား ပူဇော်ကြအံ့'' ဟု တယူဇနာတိုင်း ကျောင်း တဆောင်စီ ဆောက်၍ တည့်စိ ကျိန်းဝပ်စေပြီးမှ နံနက်တွင် ယာဂုဆွမ်းကို အရှင်သီဝလိအား ရှေးရှုကပ်ကြကုန်၏။ အရှင် သီဝလိသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပေးပို့လှူ ဒါန်းစေ၏။ ဤသို့ဖြင့် ယူဇနာသုံးဆယ်ခရီးကို ကြွသွားတော်မူ ကြ၏။

## ရှင်ရေဝတ ဟန်ခိုးတော်

ခုနစ်နှစ်အရွယ်နှင့် တရားတော်ကိုအားထုတ်၍ ရဟန္တာဖြစ် ပြီးသော သာမဏေရှင်ရေဝတသည် မြတ်စွာဘုရားကြွလာတော် မူသည်ကို ကြိုတင်သိနှင့်၍ ရွာဒုတ်ပေါ်မြေအပြင်ကို သန့်ရှင်း ညီညွတ်အောင် ဟန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူ၏။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားအတွက် ဂန္ဓကုဋိ တိုက်တော်၊ သံဃာတော်ငါးရာတို့အတွက် ကျောင်းငါးရာကိုလည်းကောင်း၊ ကြောင်ငါးရာကို လည်းကောင်း၊ နေ့သန့်ရာ ညဥ့်သန့်ရာ နေရာ တို့ ကိုလည်းကောင်း ဖန်ဆင်းထား၏။

ဘုရားသခင်သည် ရှင်ရေဝတထံ၌ တလမျှသီတင်းသုံးတော်မူရာ၊ ရှင်သီဝလိ၏ ရှေးဘုန်းရှေးကံဖြင့် ခံစား၍နေကြ၏။

ရဟန်းကြီးနှစ်ပါး စိတ်အကြံ

သံဃာငါးရာတွင်အသက်ကြီးမှ ရဟန်းပြုသော ရဟန်းကြီးနှစ်ပါး ပါလာ၏။ ရှင်ရေဝတ ဖန်ဆင်းအပ်သော ကျောင်းပရိဂုဏ်သို့ဝင်မိလျှင်ဤမျှသာယာသောနေရာ၌နေရသောပုဂ္ဂိုလ်မှာ တရားရနိုင်စရာမရှိ၊အရှင်သာရိပုတ္တရာ၏ ညီတော်ဖြစ်၍သာ မျက်နှာလိုက်ပြီး ကြွလာသည်ဟု ကဲ့ရဲ့၏။

မြတ်စွာဘုရားသည် ရဟန်းကြီးနှစ်ပါး၏ စိတ်အကြံကို သိ၍ ပြန်ကြွတော်မူချိန် ရဟန်းကြီးနှစ်ပါး၏ ရေဗူး, ဖိနပ်တို့ မေ့ကျန်စေရန် အဓိဋ္ဌာန်ပြုတော်မူ၏။ ကျောင်းဥပစာကိုလွန်မှ အဓိဋ္ဌာန်ကို ဖြေတော်မူရာ ရဟန်းကြီးနှစ်ပါး သတိရပြီး ရေဗူး, ဖိနပ်တို့ကို ယူရန် ပြန်သွားကြ၏။

ရှင်ရေဝတသည်တန်ခိုးတော်ကိုဖြေပြီးဖြစ်၍ ကျောင်းနေရာ ရှာမတွေ့ပဲ ရှားငုတ်တို့ ခြေတွင် စူးကြ၏။ ရေဗူးနှင့် ဖိနပ်မှာ ရှားပင်တွင်ချိတ်လျက် တွေ့ရသောအခါမှ ရှင်ရေဝတ၏ တန်ခိုးနှင့် ပြည့်စုံခြင်းကို ချီးမွမ်းကြ၏။

ဝိသာခါ လျှောက်ထားခြင်း

နောက်တနေ့တွင် ဝိသာခါ ကျောင်းအမကြီး အမြဲပင် လျှောက်ထားသည့်အတိုင်း ယာဂုဆွမ်းဘုဉ်းပေးရန် ကြွတော်

WWW.DHAMMARANSI.COM



မူရာ၊ ဝိသာခါမေးလျှောက်၍ ရဟန်းကြီးနှစ်ပါးတို့က ထိုတောကျောင်းမှာ ပြိတ္တာတို့နေရာနှင့်သာ တူသည်။ ရှားဆူး ငုတ်တို့ရှိ၍ မနှစ်သက်စရာ နေရာတည်းဟု ပြောဆို၏။

ရဟန်းလေးနှစ်ပါး ကြွလာ၍ မေးလျှောက်ပြန်လျှင် ထိုတောကျောင်းမှာ အသွန်တင့်တယ် သာယာ ခမ်းနားလှပေ၏။ နတ်တို့ပင်ဖန်ဆင်းထားသလားဟု ထင်ရပေ၏ဟု ချီးမွမ်း ပြောပြကြ၏။

ဝိသာခါ ကျောင်းအမကြီးသည် ရဟန်းတော်များ စကားမညီ၍ ဘုရားသခင်ကြွလာစဉ် လျှောက်ထားလေရာ၊ မြတ်စွာဘုရားက အကြောင်းစုံရှင်းပြပြီး အောက်ပါ ဂါထာဖြင့် ဟောကြားတော်မူ၏။

၉၈။ ဂါမေ ဝါ ယဒိဝါရညေ၊
နိန္နေ ဝါ ယဒိဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမ ဏေယျကံ။

၉၈။ ရွာ၌ဖြစ်စေ၊တော၌ဖြစ်စေ၊ချိုင့်ထဲ၌ဖြစ်စေ၊ကုန်းမြင့်၌ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့ နေကုန်၏။ ထိုနေရာအရပ်သည် မွေ့လျော်ဖွယ်ရာသာ ဖြစ်၏။

( ဓမ္မပဒ အရဟန္တဝဂ် ကိုးခုမြောက်ဝတ္ထု ) အကျယ်ကို ခေတ်မီ ဓမ္မပဒ တတိယတွဲ၊ စာမျက်နှာ ၈၈ ၌ ဖတ်ရှုပါရန်။

WWW.DHAMMARANSI.COM

### ထမင်းတနပ်အတွက် သုံးနှစ်ကျွန်ခံသူ

# ၆။ သုခသာမဏေဝတ္ထု

ဆုံးမလွယ်သော သူသည်
မိမိကိုယ်ကို တရားသဖြင့် ဆုံးမ၏။

(အတိုတ်ဝတ္ထု)

ဗာရာဏသီပြည်ဝယ် သဌေးကြီးကွယ်လွန်၍ သဌေးသားဂန္ဓသည် သဌေးအရာဆက်ခံ၏။ ဘဏ္ဍာစိုးက ဘဏ္ဍာများကို စာရင်းနှင့်တကွ အပ်၏။ သဌေးသားဂန္ဓက ဤမျှ များပြားသော ပစ္စည်းများကို အဖေ အမေ အဘိုး အဘွား ဘာ့ကြောင့်ထား ပစ်ခဲ့သနည်း။ ယူမသွားကြဘူးလားဟု မေး၏။

ဘဏ္ဍာစိုးက- "သေသောသူသည် ပစ္စည်းဥစ္စာကို မဆိုထားဘိ၊ မိမိကိုယ်ကိုပင် စွန့်ပစ်ခဲ့ကြရသည်။ မိမိပြုလုပ်သည့်ကောင်းမှုကံ၊ မကောင်းမှုကံသာ မိမိနှင့်အတူယူ၍ သွားကြပါသည်"ဟု ပြောကြား၏။

ဂန္ဓသဌေးက ယူဆောင်မသွားနိုင်သည့် ပစ္စည်းများ၊ မသေခင် သုံးဖြုန်းသွားမည်ဟု စဉ်းစားပြီး တသိန်း တသိန်းစီ တန်သော ပရိဘောဂ၊ ရေချိုးအိမ်၊ ပန်းထန်ခွက်ယောက် တို့ဖြင့် လပြည့်နေ့တိုင်း တသိန်းတန်တော ထမင်းစားပွဲကြီးဖြင့် တခမ်းတနား စားသောက်၏။ မြို့သူမြို့သားတို့ကိုလည်း လာကြည့်ကြစေ၏။

## တောတွင်းသားတယောက်

ထင်းထမ်းသမားတယောက်သည် တောမှထင်းကိုယူ၍ မြို့သို့ လာရောက် ရောင်းချယင်း ဂန္ဓသဌေးသား၏ ထမင်းစားပွဲကို

WWW.DHAMMARANSI.COM




စောတုဗူအကြိုင်

WWW.DHAMMARANSI.COM



လာရောက်ကြည့်ရှု၏။ အလွန်အားကျပြီး ထမင်းကိုမစားရလျှင် သေရမည်သာကဲ့ဖြစ်၏။ တလုပ်တခဲ့တောင်း၏။ သုံးနှစ်ကျွန် ခံလျှင် သုံးနှစ်ပြည့်သောနေ့၌ ဤသို့သောထမင်းကို ကျွေးမည် ဆို၏။ ကျွန်ခံပါမည်ဆို၍ သဌေးထံအလုပ်ကိစ္စမှန်သမျှ ကြိုးစား လုပ်ကိုင်၏။ အိမ်မှာလည်းကောင်း၊ တောမှာလည်းကောင်း၊ နေ့ရောညပါ လုပ်ပေး၏။ သဌေးအာကျေနပ်၏။ သူ့ကို(ဘတ္တ ဘတိက)ခေါ်ကြ၏။

သုံးနှစ်စေ့လျှင် သဌေးသည် စားတော်ကဲအား အသပြာ တစ်ထောင်ထုတ်ပေး၍ ထမင်းဟင်းတို့ကို စီရင်စေ၏။ သဌေး ကတော်မှလွဲ၍ ထိုအိမ်ရှိမိန်းမသားအားလုံး (ဘတ္တဘတိက) ထမင်းစားပွဲကို ဝန်းရံစေ၏။ သဌေးသား စားသည့်အတိုင်း အဆောင်အယောင် အားလုံးပေး၏။ ထမင်းစားပွဲကိုကြည့်ရန် မြို့သို့ကြွေးကြော်စေ၏။ တမြို့လုံးသိမြင်၍ ညောင်စောင်းကြီး ညောင်စောင်းငယ်တို့ကိုယူလာပြီး ကြည့်ကြ၏။

**စေတနာထက်သန် သဒ္ဓါမှန်**

ကချေသည်တို့ ဖျော်ဖြေနေကြ၏။ ခမ်းနားစွာပြင်ဆင်ထား သော ထမင်းပွဲကြီးကို သုံးနှစ်ကျွန်ခံ၍ အားရပါးရစားတော့ မည်ဟု လက်ကိုဆေး၏။

ထိုအချိန်၌ အရှင်ပစ္စေကဗုဒ္ဓါကာပါးသည်သမာပတ်မှ ခုနစ် ရက်မြောက်နေ့၌ ထတော်မူပြီး ဆွမ်းခံရန် ဆင်ခြင်သည့်ရှိသော် ဘတ္တဘတိကကို မြင်တော်မူ၏။ စေတနာသဒ္ဓါတရားရှိသည်။ ကြီးစွာသောစည်းစိမ်ချမ်းသာကို ရနိုင်သည်ဟု မြင်တော်မူ၏။

သက်န်းကိုရုံ သပိတ်ကိုပိုက်၍ ကောင်းကင်ခရီးဖြင့်ကြွပြီး ပရိသတ်ကိုကျော်ကာ ဘတ္တဘတိကရှေ့၌ရပ်၏။

ပစ္စေကဗုဒ္ဓါကိုမြင်လျှင် စေတနာသဒ္ဓါတရားတို့ ဟာဖွားဖွား ပေါ်လာ၏။

"ငါသည် ရှေးက မလှူခဲ့ဘူးသောကြောင့် ယခုထမင်းဟင်းနှပ်အတွက် သုံးနှစ်ကျွန်ခံခဲ့ရ၏။ ဤထမင်းသည်ငါ့ကိုဟနေ့သောက်သာ အထောက်အပံ့ဖြစ်မည်။ အရှင်မြတ်ကို လှူဒါန်းခဲ့သော် ကမ္ဘာကုဋေကုဋေပတ်လုံး စောင့်ရှောက်ပေလိမ့်မည်"ဟု ထမင်း၌ တပ်မက်သောတဏှာကိုပယ်ပြီး စားအုံ့ဆဲဆဲ ထမင်းခွက်ကိုပင် ပင့်ချီယူသွားပြီး ရိုသေစွာ လောင်းလှူ၏။

စည်းစိမ်ချမ်းသာ ကြွယ်ဝရန်နှင့် တရားတူးကို သိမြင်ရန် ဆုတောင်း၏။ အရှင်မြတ်က ပြည့်စုံစေသာ[ ]ည်းဟု ဆုပေး၏။

အရှင်မြတ်သည် ကောင်းကင်ခရီးဖြင့်ကြွသွား၏။ ဂန္ဓမာဒနတောင်သို့အရောက် ကောင်းကင်ပြင် ဟင်းလင်းဖြင့် မြင်ရ၏။ အရှင်မြတ်သည် ဂန္ဓမာဒနတောင်ရှိ အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့အား ထိုဆွမ်းကို ခွဲဝေပေးလှူ၏။ အားလုံးလောက်င၏။

လူအပေါင်းတို့ မျက်ဝါးထင်ထင် မြင်တွေ့ရသဖြင့် ကောင်းချီးပေး၏။ သာဓုခေါ်သံသည် ပဲ့တင်ထပ်မျှဖြစ်၏။

ဂန္ဓာသေဋ္ဌေးသည် အုတ်အော်သောင်းနသောင်း ကောင်းချီးပေးသံကြားရ၍ စုံစမ်းရာ အကြောင်းစုံကိုသိလျှင် ဘဏ္ဍာဘက်ကထိလာ၍....

"ငါသည် စည်းစိမ်ဥစ္စာ ပြည့်စုံပါလျက် လှူဒါန်းရန်ကို သတိမရ။ သင်သည် သုံးနှစ်ကျွန်ခံ၍ရသော တနပ်စာထမင်းကို ရှဲရှဲဝံ့ဝံ့ပေးလှူ၏။ လွဲ ဒုံ့သြပွယ်ကောင်းလှ၏။ ယခုအသပြာ တစ်ထောင်ယူ၍ ကုသိုလ်အဖို့အား ပေးပေပါ"ဟုပြော၏။

တောကျွင်းသားသည် ဝမ်းမြောက်ဝမ်းသာအမျှပေးဝေ၏။

၆ [စတုတ္ထအကြိမ်]

WWW.DHAMMARANSI.COM



ဂန္ဓသဋ္ဌေးသည် သာဓုခေါ်ယင်း ဝမ်းမြောက်ပီတိ ဖြစ်လွန်းလှသဖြင့် စည်းစိမ်တဝက်ကို ခွဲပေး၏။

ဗာရာဏသီမင်းသည် ထိုသတင်းကိုကြားလျှင် အသပြာတစ်သောင်းပေး၍ကုသိုလ်အဖို့ကိုယူပြန်၏သဋ္ဌေးကြီးအရာကိုပေး၏။

ဘတ္တဘတိကနှင့် ဂန္ဓသဋ္ဌေးတို့သည် အလွန်ချစ်ကြ၏။ အတူစား အတူနေ၏။ သဋ္ဌေးဘဝမှ စုတေခဲ့လျှင် နတ်ပြည်၌ဖြစ်၏။ နတ်ပြည်၌ ကာလရှည်စွာခံစားပြီး ဂေါတမဘုရားရှင်ပွင့်တော်မူချိန်တွင် နတ်ပြည်မှစုတေ၍ ရှင်သာရိပုတ္တရာ၏အမျိုးအိမ်တွင် ပဋိသန္ဓေတည်နေ၏။

မိခင်သည် ရှင်သာရိပုတ္တရာနှင့် သံဃာတော်တို့အား "သတ္တရသ" မည်သော ဘောဇဉ်တို့ကို ပေးလှူ၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီး ရဟန်းတို့အစွန်၌ထိုင်လျက် စားကြွင်းကို စားလာ ချင်ခြင်းကိုဖျောက်ရ၏။

သူငယ်ဖွားမြင်သော်"သုခကုမာရ"ဟုအမည်မှည့်၏။

## ခုနစ်နှစ်သား သာမဏေ

သုခကုမာရ ခုနစ်နှစ်သားသို့ရောက်လျှင် ရှင်ပြုပေးပါဟု ပူဆာ၏။ မိခင်က ရှင်သာရိပုတ္တရာထံ အပ်နှံ၍ ရှင်ပြုပေး၏။ ခုနစ်ရက်ပတ်လုံး ကျောင်း၌အလှူကြီးပေး၏။

ရှစ်ရက်မြောက်နေ့၌ ရှင်သာရိပုတ္တရာဆွမ်းခံကြွရာ သာမဏေအားလိုက်ပါစေ၏။ လမ်းခရီး၌ ရေမြောင်းသွယ်၍ လယ်လုပ်ခြင်း၊ မြားဖြောင့်ခြင်း၊ သစ်ခွေခြင်းတို့ကို တွေ့၍ မထေရ်ကို မေးလျှောက်၏။ မထေရ်သည် ဖြေတော်မူ၏။ သာမဏေငယ်သည် သံဝေဂဉာဏ် ထင်သည်ဖြစ်၍ ကျောင်းသို့ပြန်ရန် ခွင့်တောင်း၏၊ မထေရ်ကခွင့်ပြု၏။

WWW.DHAMMARANSI.COM



သုခသာမဏေသည် ကျောင်းတံခါးကိုပိတ်ကာ ကမ္မဋ္ဌာန်းတရားကို အားထုတ်၏။ သိကြားမင်းနှင့် နေနတ်သားတို့ စောင့်ရှောက်၏။

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်တော်မှအကြောင်းစုံကို သိမြင်တော်မူ၏။ ရှင်သာရိပုတ္တာဆွမ်းခံမှ ပြန်ကြွလာလျှင် သုခသာမဏေ၏ ပြီးပြည့်စုံခြင်းသို့ မရောက်သေးသဖြင့် ဘုရားသခင်သည် မုခ်ဦးမှရပ်တန့်ကာ ရှင်သာရိပုတ္တရာအား ပြဿနာလေးပါးကိုမေး၏။

ထိုအချိန်တွင် သာမဏေငယ်သည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

မထေရ်သည်သာမဏေအား ဆွမ်းကိုပေး၏။ ဆွမ်းစားပြီးမှ နေနတ်သားသည် နေကိုလွှတ်၏။ ချက်ချင်းပင်ညနေစောင်း၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာဘုရားက အကြောင်းစုံကိုရှင်းလင်းပြပြီး အောက်ပါဂါထာကို ဟောကြားတော်မူ၏။

၁၄၅။ ဥဒကံဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

၁၄၅။ လယ်လုပ်တောင်သူတို့သည် ရေမြောင်းကို ဖောက်ယူသကဲ့သို့။ မြားသမားတို့သည် မြားကိုမီးဖြင့် ဖြောင့်သကဲ့သို့၊ သစ်ခွဲသမားတို့သည် သစ်ကို ခွဲကြကုန်သကဲ့သို့၊ ဆုံးမလွယ်သော သူတို့သည် မိမိကိုယ်ကို တရားဖြင့် ဆုံးမ၏။

(ပဏ္ဍိတသာမဏေနှင့် ရဟန္တာဖြစ်ပုံချင်းတူညီ၏။)

ဓညာဋ္ဌအကြွမ်

# ၇။ သာနုသာမဏေဝတ္ထုအကျဉ်း

သာနုသာမဏေငယ်သည် ငယ်စဉ်ကပင် ရှင်သာမဏေပြု၏။ သီလကိုထိန်း၏။ ဆရာ့ဝတ် အဂန္တုကဝတ်တို့ကိုပြု၏။ ဥပုသ်နေ့နံနက်များ၌ နံနက်စောစော တရားတင်းကုပ်ကို တံမြက်လှည်း၊ နေ့ရာခင်း၊ ဆီမီးထွန်းပြီး တရားနာရန် ကြေးကြော်လေ့ရှိ၏။

ရဟန်းတို့သည် သာနုသာမဏေ၏အစွမ်းကိုသိ၍ ဝတ်ရွတ်စဉ်တို့ကိုရွတ်စေ၏။ သာနုသည် တရားစင်သို့တက်ပြီးဟောကြား အပြီးတွင် ငါ၏မိခင်ဖခင်တို့အား အမျှပေးဝေပါ၏ ဟုအမျှဝေဝေလေ့ရှိ၏။

## ရှေးဘဝက မိခင်ဘီလူးမ

သာနုသာမဏေ တရားဟောချိန်ရောက်လျှင် နတ်တို့လာ၍ တရားနာကြ၏။

သာနုသာမဏေ အမျှဝေသည်ကို မိဘတို့မသိကြ။ အခြား ဘဝမှ မိခင်ဖြစ်ခဲ့ဖူးသော သူသည် ဘီလူးမဖြစ်နေ၍ နတ်တို့နှင့် အတူလာရောက်တရားနာသယင်း မိခင်ဖခင်တို့အား အမျှပေးဝေ တိုင်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရ၏။

သီလနှင့်ပြည့်စုံသော ရဟန်းတို့ကို နတ်လူတို့သည်မြတ်နိုးကြ၏။ မိခင်ဖြစ်ခဲ့ဖူးသော ဘီလူးမကိုလည်း အလေးအမြတ် ပြုကြ၏။

ဝတ္ထုအကြိုင်

WWW.DHAMMARANSI.COM



သာနုံသာမဏေ၏ မိခင်ဟောင်းပေတည်းဟု တရားနာသော အခါနှင့် အစည်းအဝေးတို့၌ ရွှေဆုံးမှုနေရာပေးကြ၏။

တန်ခိုးကြီးသော နတ်ဘီလူးတို့ပင် သာနုမိခင် ဘီလူးမကို မြင်လျှင် ထိုင်နေရာမှထ၍အရိုအသေပေးကြ၏။ သာနုသာမဏေ ကို နတ်တို့အစဉ်မြတ်နိုးကြ၏။

## သာနုသာမဏေ လူထွက်လိုခြင်း

သာနုသာမဏေသည် အရွယ်ရောက်လာသောအခါ လူထွက် လိုလာ၏။ မိခင်အိမ်သို့ သွား၏။ မိခင် ဥပါသိကာမကြီးက အမျိုးမျိုး တားမြစ်ဆုံးမပါသော်လည်း မရသဖြင့် မိခင်က အချိန်ဆွဲထား၏။

မိခင်ဟောင်း ဘီလူးမသည် သာမဏေ လူထွက်လိုကြောင်း သိလျှင် တန်ခိုးကြီးသော နတ်တို့အကြား၌ ငါ့အားရှက်ဖွယ်ရာ ဖြစ်တော့မည်။ လူမထွက်အောင်ကြံဆောင် အံ့ဟု သာနုသာမဏေ ကိုယ်၌ဝင်ပြီး အမျိုးမျိုးထိတ်လန့်အောင် ပြုလုပ်၏။ သာနု၏ မိခင်အား သာနုံသတိရလာလျှင် အကြောင်းစုံ ပြောကြားလော ဟု မှာကြား၍ သာနုသာမဏေကိုယ်၌ ပူးဝင်ခြင်းမှ ထွက်ခွာ သွား၏။

သာနုသတိရလာလျှင် လူများဝိုင်းအုံ၍ မိခင်ကြီး ငိုကြွေး နေသည်ကိုမြင်လျှင် အကျိုးအကြောင်းကိုမေး၏။ မိခင်ကြီးက လူထွက်လျှင် ဘီလူးတို့ညှဉ်းဆဲမည်ဟု မှာကြားသွားကြောင်း ပြောပြယင်းက—

''ချစ်သား.... ငါသည် မီးတဆယ့် တစ်ပါးတို့ကို လောင် ကျွမ်းသောအိမ်ကြီးထဲမှ ရရာပစ္စည်းဥစ္စာကို ဆွဲ၍ထုတ်လိုက်

WWW.DHAMMARANSI.COM



သကဲ့သို့ သားကို လူ့ဘောင်မှဆွဲထုတ်၍ သာသနာ့ဘောင်သို့ သွင်းခဲ့၏။ ယခုတဖန် သားသည် မီးသောင်ခံရန် ပြန်လာ၏၊ ဘီလူးတို့က လူသွက်လျှင် ညှဉ်းပန်းနှိပ်စက်မည်ဟု မှာကြားပြီး ထွက်သွား၏။ "ငါ ဘယ်သူ့ကို အပြစ်တင်ရပါမည်နည်း" ဟု ပြော၏။

သာနုသာမဏေသည် မိခင်စကားကို နားထောင်၍ လူ မထွက်တော့ပါဟု ပြောဆိုသဖြင့်မိခင်သာ အားရဝမ်းသာရဟန်း ပြုပေး၏။

မြတ်စွာဘုရားသည် ဆင်ထိန်းဥပမာဖြင့် စိတ်ကို ထိန်းသိမ်း ရန် ဆုံးမတော်မူ၏။

အရှင်သာနုသည်း ပိဋကတ်သုံးပုံသင်ယူ၍ ဓမ္မကထိကပုဂ္ဂိုလ် အဖြစ် သက်တော် ၁၂၀ ရှည်တော်မူပြီး ဇမ္ဗူဒိပ်ကျွန်းအလုံး ကို ချောက်ချားစေ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

(ဓမ္မပဒ နာဂဝဂ် ငါးခုမြောက်)

WWW.DHAMMARANSI.COM




စပုဗ္ဗအကြိမ်

WWW.DHAMMARANSI.COM

# ၈။ သာမဏေကျော်လေးပါး အထင်မှားခံရသော ဝတ္ထု

ပုဏ္ဏေးမ တယောက်သည် ဗြဟ္မဏာ အယူဝါဒ အလှူလုပ်လို သဖြင့် လင်ပုဏ္ဏားအား ဗြဟ္မဏာလေးပါးပင့်ခဲ့ပါဟု စေခိုင်း၏။ မြင့်မြတ်သူကို ဗြဟ္မဏာဟုခေါ်ကြ၍ ပုဏ္ဏားသည် ရဟန်းတော် ကျောင်းတွင် ရဟန်းလေးပါး ပင့်ဖိတ်၏။

ကျောင်းတော်၏အစဉ်အလာကား ပင့်သံဃာတို့ကို အလှည့် ကျ ခွဲဝေလေ့ရှိ၏။ ထို့ကြောင့် ပုဏ္ဏေးမအိမ်အတွက်(၁)သံကိစ္စ သာမဏေ၊ (၂)ပဏ္ဍိတသာမဏေ၊ (၃)သောပါကသာမဏေ၊ (၄)ရေဝတသာမဏေတို့လေးပါး အလှည့်ကျ၏။ ထိုသာမဏေ လေးပါးကား ခုနစ်နှစ်သားအရွယ် ရဟန္တာဖြစ်ပြီးသော သာ မဏေတို့ ဖြစ်ကြ၏။

ပုဏ္ဏေးမသည် အရွယ် မရောက်သေးသူ၊ မလောက်လေး မလောက်စား သူငယ်လေးများ ခေါ်ခဲ့ရမလား ဟု စိတ်ဆိုး၍ ခင်းထားသောနေရာ၌ မထိုင်စေပဲ နိမ့်သောနေရာ၌ အင်းပျဉ်ကို ခင်း၍ပေး၏။

ထိုနောက် ပုဏ္ဏားအား သက်ကြီးရွယ်အို ဗြဟ္မဏာတို့အား ပင့်ခဲ့ရန် စေခိုင်းပြန်၏။ အရှင်သာရိပုတ္တရာကို ပင့်ခဲ့၏။ သာမဏေ တို့ကိုမြင်လျှင် ဆွမ်းကိုမခံယူပဲ ပြန်ကြွသွား၏။ ထိုနောက် ရှင် မောဂ္ဂလာန်ကို ပင့်ခဲ့ပြန်၏။ သာမဏေတို့ကိုမြင်လျှင် ပြန်ကြွ သွား၏။

WWW.DHAMMARANSI.COM



## သိကြားမင်း မနေနိုင်

သာမဏေလေးပါးမှာ နံနက်ကတည်းက ဘာမျှမဘုဉ်းပေး ရသေး၍ ဆာလောင်လျက်နေကြ၏။ ဘုန်းကံကြောင့် သိကြား မင်း မြကျောက်ဖျာဘင်း၏။ ကြည့်ရှုသော် သာမဏေတို့ပင်ပန်း နေသည်ကို မြင်ရ၍ သိကြားမင်းသည် ပုဏ္ဏားအိုအယောင် ဖန် ဆင်း၍ ထိုအိမ်သို့လာခဲ့၏။

သိကြားမင်း ပုဏ္ဏားအိုကိုမြင်လျှင် အားရဝမ်းသာ အထွတ် အမြတ်နေရာသို့ပင့်၏။ ပုဏ္ဏားအိုသည် မြင့်သောနေရာတွင်မထိုင် ပဲ သာမဏေတို့ကိုရှိခိုး၍ မြေပေါ်၌ ထိုင်နေ၏။

ပုဏ္ဏေးမသည် ပုဏ္ဏားအိုက မြေးလောက် အရွယ် ရှိခိုးရ ကောင်းလားဟု စိတ်ဆိုး၍ လင်မယားနှစ်ယောက် ပုဏ္ဏားအို ကြီးအား တယောက်တဘက် ဆွဲ၍ထုတ်၏။ သိကြားမင်းသည် ထိုနေရာ၌ပင်ထိုင်နေ၏။ ပုဏ္ဏားလင်မယားတို့ ကြောက်လန့်ကြ ၏။ သိကြားမင်းသည် သိကြားမင်းအဖြစ်ကိုသိစေပြီး သာမဏေ တို့အား ဆွမ်းကပ်လှူစေ၏။

## သာမဏေတို့ တန်ခိုးတော်ပြကြခြင်း

သာမဏေတို့သည် ဆွမ်းအာဟာရတို့ကိုခံယူပြီးသော် တပါး သည် အိမ်ခေါင်မိုးအလယ်ကိုဖောက်၍ ကောင်းကင်မှ ကြွသွား ၏။ တပါးသည် အမိုး အရှေ့ဘက်မှ၊ တပါးသည် ငုတ်လျှိုး၍၊ တပါးသည် အမိုး အနောက်ဘက်မှ ကြွသွားကြ၏။ ထိုအိမ်၌ အပေါက်ကြီးငါးပေါက်ဖြစ်၍ ကျန်ခဲ့၏။

## ဗြဟ္မဏအစစ်

ကျောင်းတော်သို့ပြန်ရောက်၍ အကျိုးအကြောင်းကို သိကြ ရလျှင် ရဟန်းတော်တို့က ပုဏ္ဏေးမသည် အထင်သေးစွာ ပြုမူ

WWW.DHAMMARANSI.COM



ချိန်၌ အမျက်မထွက်ကြဘူးလားဟုမေးကြလျှင် အမျက်မထွက်ကြပါဟု ပြောကြား၏။ ထိုအခါမြတ်စွာဘုရားက-

၄၀၆။ ဆန့်ကျင်ဘက်တို့အပေါ် မဆန့်ကျင်ပဲ
လက်နက်ချထား၍ ရန်ငြိမ်းသော
အစွဲအလမ်းမရှိသော ထိုပုဂ္ဂိုလ်ကို
ဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

ဟု မိန့်ကြားတော်မူ၏။

(ဗြာဟ္မဏဝဂ် နှစ်ဆယ့်သုံးခုမြောက်ဝတ္ထု)

အကျယ်ကို ခေတ်မီဓမ္မပဒ ပဥ္စမတွဲ၌ ဝင်ရှုပါ။

WWW.DHAMMARANSI.COM

# ရှင်သီဝလိ နှင့်
# အခြားသာမဏေကျော်များ



စာတူညီအသင်

WWW.DHAMMARANSI.COM

# ၁၈။ အရှင်သီဝလိမထေရ် ဝတ္ထု

## (အကျဉ်း)

**အရှင်သီဝလိမထေရ်။** ။ကောလိယမင်းနှင့် သုပ္ပဝါသာ မင်းသမီးတို့မှ ဖွားမြင်၏။ ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တိုင် ကိုယ်ဝန်ဆောင်ပြီးမှ ခက်ခဲစွာ ဖွားမြင်ရ၏။

မွေးဖွားပြီးသည်နှင့် ခုနစ်နှစ်သား အရွယ်တို့ ပြုလုပ်သည့် အလုပ်များကို လုပ်နိုင်၏။

မြတ်စွာဘုရားနှင့် သံဃာတော်အရှင်မြတ်တို့အား ခုနစ်ရက် တိုင်တိုင် ကြီးစွာသောအလှူပေး၏။

ခုနစ်ရက်မြောက်သောနေ့၌ အရှင်သာရိပုတ္တရာမထေရ်မြတ် နှင့် သီဝလိသူငယ်တို့ စကားပြောကြ၏။ သီဝလိသူငယ်က ရှင် ရဟန်းပြုလိုပါသည်ဟု လျှောက်ထား၏။ သုပ္ပဝါသာမင်းသမီး က ရှင်ပြုပေးပါရန်ပြန်ကြား‌လျှောက်ထား၏။ ရှင်သာရိပုတ္တရာ သည် ရှင်သီဝလိသူငယ်ကို ကျောင်းတော်သို့ခေါ်သွားပြီး တစ ပဉ္စက ကမ္မဋ္ဌာန်းကိုပေးပြီး ရှင်ပြုပေးတော်မူ၏။ ခုနစ်နှစ်တို့ပတ် လုံး မိမိခံစားရခဲ့သော ဒုက္ခဝေဒနာကို ဆင်ခြင်စဉ်းစား၏။

ပထမ ဆံဝန်းကို ရိတ်ချလိုက်သော ခဏမှာပင် သောတာ ပတ္တိဖိုလ်၌ တည်နေ၏။

ဒုတိယ ဆံဝန်းကိုရိတ်ချလိုက်သောအခါသကဒါဂါမိဖိုလ်။ တတိယ ဆံဝန်းကို ရိတ်ချလိုက်သည်နှင့် အနာဂါမိဖိုလ်။ ဆံပင် အားလုံး ရိတ်ပြီးသောအခါ အရဟတ္တဖိုလ်၌တည်နေ၏။

နောက်၌ မြတ်စွာဘုရားသခင်က လာဘ်လာဘ ပေါများ သောအရာဝယ် ဧတဒဂ်ထားတော်မူ၏။

**ဝတ္ထုအပြီး**

WWW.DHAMMARANSI.COM



# ငါးနှစ်သား၊ ခုနစ်နှစ်သားနှင့် ရဟန္တာဖြစ်ကြသော သာမဏေများ

**စုန္ဒသာမဏေ။** ။ခုနစ်နှစ်သား သာမဏေဘဝ တိတ္ထိတက္ကတွန်းတို့အယူဝါဒကိုတိုက်ဖျက်၍ သာသနာတော်ကို ချီးမြှောက်သဖြင့် ဘုရားရှင်၏ ချီးမွမ်းခံတော်မူရသည်။

**သောပါက သာမဏေ။** ။မမွေးဖွားမီ မိခင် သေဆုံး၍ အလောင်းကို မီးသင်္ဂြိုဟ်ရာ သားအိမ်တွင်းရှိ "သောပါက" အလောင်း သားသူငယ်မှာ မီးမလောင်ပဲနေသဖြင့် သုသာန်ရှိ စဏ္ဍာလခေါင်းက မွေးစားထားရသူ ဖြစ်သည်။ ၎င်း ၇-နှစ် အရွယ်သို့ရောက်သော် မြတ်စွာဘုရားကိုယ်တော်တိုင် သုသာန်သို့ ကြွလာ၍ တရားဟောတော်မူသဖြင့် သာမဏေဖြစ်ပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်လေသည်။(ဓမ္မပဒ)

**သောပါကသာမဏေ။** ။တပါးမှာ ရာဇဂြိုဟ်မြို့သားဖြစ်၍ မွေးလသားတွင် အဖသေခဲ့ပြီး၊ ၇-နှစ်သား အရွယ်တွင် ၎င်းအား မွေးစားထားသူ ဘထွေးက မိမိသားနှင့်မတည့်သဖြင့် အမျက်ထွက်၍ သုသာန်သို့ခေါ်သွားပြီး ကြိုးနှင့်တုပ်နှောင်ကာ လူသေကောင်ဖြင့် တွဲ၍ချည်လျက် တောခွေးများ စားစေရန် ထားခဲ့၏။ သို့သော်ပစ္ဆိမ ဘဝိကဖြစ်၍ တောခွေးတို့လည်း မစားနိုင်၊ သေလည်းမသေပဲ မြတ်စွာဘုရား ကြွလာပြီး တရားဟောရာ ထိုသုသာန်တွင်း၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်၍ ဘုရားနှင့်အတူပါသွားသည်။ နောက်အရဟတ္တဖိုလ်သို့ ရောက်ပြီးမှ သာမဏေဖြစ်၏။ မကြာမီ မြတ်စွာဘုရား၏ပြဿနာ

WWW.DHAMMARANSI.COM



၁၀-ချက်ကို ဖြေနိုင်၍ (၇-နှစ်သားအရွယ်ဖြင့်ပင် ပဉ္စဗျာကရဏပဥ္စသမ္မာဒါရဟန်းအဖြစ် ခွင့်ပြုခဲ့သဖြင့် ရဟန်းဖြစ်ရ၏။) ဤမြတ်စွာဘုရား သာသနာတော်တွင် တပါးတည်းသော ပဥ္စဗျာကရဏပဥ္စသမ္ဗဒါ ရဟန်းဖြစ်လေသည်။ (သတ္တတနိပါတ်) ထေရ၊ထေရီဂါထာပါဠိတော် မြန်မာပြန်ကျမ်းဦးမှတ်ဖွယ်၊ စာမျက်နှာ ၁၅)။

**တိဿသာမဏေ**။ ။ခုနစ်နှစ် အရွယ်ကပင် ရဟန္တာဖြစ်၍ ဆရာပစ်လိုက်သော ယပ်တောင် ခိုက်မိသဖြင့် မျက်စိကွဲပေါက်သည်ကိုပင် သည်းခံနိုင်သောဂုဏ်ကို ဘုရားရှင် ချီးကျူးတော်မူရ၏။

**တိဿရဏ ဂမနိယ မထေရ်**။ ။ခုနစ်နှစ်သား အရွယ်တွင် သရဏဂုံကို ကြားနာရပြီး သာမဏေပြု၍ အရဟတ္တဖိုလ်သို့ ရောက်၏။ (ထေရာအပဒါန်)

**ပဥ္စသီလသမာဒါနိယမထေရ်**။ ။ငါးနှစ်သားနှင့်အရဟတ္တဖိုလ်သို့ရောက်၏။ ။(ထေရာအပဒါန်)

**သတရံသိမထေရ်**။ ။ခုနစ်နှစ်သား ရဟန်းပြု၏။ ကိုယ်မှ အရောင်အဝါသည် ပြေးထွက်၏။ ဈာန်၌မွေ့လျော်သူဖြစ်၏။ (ထေရာအပဒါန်)

**ဓမ္မသာဝနိယ မထေရ်**။ ။ခုနစ်နှစ်သား အရဟတ္တဖိုလ်သို့ ရောက်၏။ မြတ်စွာဘုရားသည် ရဟန်းပြုပေးတော်မူ၏။ (ထေရာအပဒါန်)

**ဧကဒိုပိယထေရ်**။ ။လေးနှစ်မျှရှိလတ်သော်ရဟန်းဘောင်၌ ရဟန်းပြုခဲ့လေ၏။ လခွဲသို့မရောက်မီ အရဟတ္တဖိုလ်သို့ရောက်၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို စင်ကြယ်စေခဲ့၏။ (ထေရာ)

WWW.DHAMMARANSI.COM



**ကေဓမ္မဿဝနိယမထေရ်**။ ။မွေးဖွားသည်မှ ခုနစ်နှစ်မျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။ မြတ်စွာဘုရားသည် ရဟန်းပြုပေး တော်မူ၏။ (ထေရာ)

**စန္ဒနမာလိယမထေရ်**။ ။မွေးဖွားသည်မှ ငါးနှစ် မျှဖြင့် ရဟန်းဘောင်သို့ရောက်၏။ ဆံချအပ်သည်ရှိသော် အရဟတ္တဖိုလ် သို့ ရောက်၏။ (ထေရာ)

**ပုလိနထုပိယမထေရ်**။ ။ခုနစ်နှစ်သားဖြင့် အရဟတ္တဖိုလ် သို့ ရောက်၏။ မြတ်စွာဘုရားက ရဟန်းပြုပေး၏။ (ထေရာ)

**ဝက္ကလိမထေရ်(ဧတဒဂ်ရ)**။ ။ခုနစ်နှစ်သား ရဟန်းပြု၊ မြတ်စွာဘုရားက သဒ္ဓါ = ကြည်ညိုခြင်း၊ သဒ္ဓါရှိသောပုဂ္ဂိုလ်တို့ တွင် အမြတ်ဆုံးဟူသော ဧတဒဂ်ဆုပေးတော်မူ၏။ (ထေရာ)

အရှင်ဒဗ္ဗ(ဧတဒဂ်ရ)။ ။ခုနစ်နှစ်သား ရဟန္တာဖြစ်၊ အာ ဂန္တုကဏဝတ်၌ ဧတဒဂ် ရတော်မူ၏။ (ထေရာ)

အရှင်ဥတ္တရမထေရ်။ ။ခုနစ်နှစ်သား အရဟတ္တဖိုလ်ရောက်

ဤသို့မြားမြောင်သော သာမဏေကျော် ရဟန္တာအရှင်မြတ် များကို ကြည်ညိုသဒ္ဓါပွားများကြ၍ ထိုအရှင်တို့ကဲ့သို့ သံသရာ မှလွတ်မြောက်နိုင်ရေး၊ ဒါန-သီလ-ဘာဝနာတို့၌ မမေ့မလျော့ ကြပါက ပြုစုရေးသား တိုက်တွန်းနှိုးဆော်ရကျိုး နပ်ပါတော့ သည်။

(သာမဏေကျော်များ ဝတ္ထုပြီး၏)

× × × ×

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

# တန်ခိုးဣဒ္ဓိပါတ် (၁၀)ပါး

၁။ အဓိဋ္ဌာနိဒ္ဓိ။ ။မိမိ၏မူလရုပ်သွင်အတူဖန်ဆင်းနိုင်ခြင်း၊

၂။ ဝိကုဗ္ဗနိဒ္ဓိ။ ။မိမိမူလအသွင်ကို နဂါး၊ဂဠုန်စသည်ဖန်ဆင်းနိုင်ခြင်း

၃။ မနောမယိဒ္ဓိ။ ။မိမိကိုယ် အဆင်းသဏ္ဍာန်ကို မိမိအလိုရှိတိုင်း ပြီးစေခြင်း

၄။ ဉာဏဝိပ္ဖာရိဒ္ဓိ။ ။ရဟန္တာတို့၏ အရဟတ္တမဂ်ဉာဏ်ကို မရရှိမီ ရှေးအဖို့ရပြီး နောက်အဖို့တို့၌ သူတပါး၏ လုံ့လပယောဂဖြင့် မသေနိုင်ခြင်းမျိုး၊

၅။ သမာဓိဝိပ္ဖာရိဒ္ဓိ။ ။အနာဂါမ်နှင့် ရဟန္တာများနိရောဓသမာပတ်ဝင်စားခိုက်သူတပါး၏ လုံ့လပယောဂဖြင့်မသေနိုင်ခြင်း

၆။ အရိယိဒ္ဓိ။ ။အရိယာတို့၏ကောင်းသောအာရုံ(အနိဋ္ဌ)ကို ကောင်းသောအာရုံ(ဣဋ္ဌာရုံ)ပြု၍ရှုနိုင်ခြင်းမျိုး၊ (ထမင်းသိုးဟင်းသိုးကို အရသာရှိသည်ဟု ရှုနိုင်ခြင်းမျိုး၊ရှုံ့ရှာဖွယ် အပုပ်ကောင်၊ လောက်စသည်တို့ကို ရှုံ့ရှာဖွယ်မဟုတ်ဟု ရှုနိုင်ခြင်းမျိုး)

၇။ ကမ္မဇိဒ္ဓိ။ ။ကောင်းကင်၌ပျံနိုင်ခြင်းမျိုး၊

၈။ ပုညဝတောဣဒ္ဓိ။ ။စကြာမင်းစသည်တို့၏မိုးကောင်းကင်၌ စစ်အင်္ဂါလေးပါးဖြင့် သွားနိုင်ခြင်းမျိုး၊

၉။ ဝိဇ္ဇာမယိဒ္ဓိ။ ။ဝိဇ္ဇာဓိုရ် စသည်တို့၏ မြေလျှိုး မိုးပျံ တန်ခိုးဟူ [illegible] မျိုး၊

၁၀။ တတ္ထ တတ္ထ သမ္မာ ပယောဂ ပစ္စယိဒ္ဓိ။ ။မည်သည့်အတတ်မျိုးမဆို အတတ်ကမ်းခပ် တတ်မြောက်ခြင်းမျိုးဟူ၍ တန်ခိုးဣဒ္ဓိပါတ် (၁၀)ပါးဖြစ်ပါသည်။

စတုဘူအကြိမ်

WWW.DHAMMARANSI.COM

# နိဂုံး

လောကီကောင်းကျိုးချမ်းသာ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာတို့ကို ပေးစွမ်းနိုင်သော ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသော "ဓမ္မပဒ" တရားတော်များနှင့် ဘုရားရှင်လက်ထက်က တကယ့်အဖြစ်အပျက် ဇာတ်ဝတ္ထုတို့ကို တူညီရာစုပေါင်း၍ အများပြည်သူ အလွယ်တကူ ဖတ်ရှုနိုင်ကြစေရန် စီစဉ်ပြုစုခဲ့ရာ၊ မိမိရည်မှန်းချက် ပြီးစီးအောင်မြင်ခြင်းသို့ရောက်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတော့သည်။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၈၀ ပြည့်နှစ်သည် မိမိ ရည်မှန်းသော ကောင်းမှုကုသိုလ် တရပ်၏ အောင်မြင်သော နှစ်ဟု မှတ်တမ်းပြုအပ်ပါသည်။

ဤ "ဓမ္မပဒ လက်ရွေးစင်များ" ကို ပြုစုရာတွင် မိမိ၏ ကိုယ်ကျိုးအတွက် စိုးစဉ်းမျှ မရည်ရွယ်။ ဗုဒ္ဓ၏သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် မိမိ၏ တလက်ဆွမ်း တယောက်မဖြင့် သာသနာပြုခြင်းဖြစ်ပါသည်။

## ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၁)

**အမှတ် ၁-ကို** (ဒါနဝတ္ထုများ)အဖြစ်(၁)လယ်စာရင်းငှားပုဏ္ဏသဌေးကြီးဖြစ်ဝတ္ထု၊ (၂)ဥတ္တရာနှင့်သိရိမာဝတ္ထု-(၃)သိရိမာနှင့် ရဟန်းတပါးဝတ္ထု၊ (၄)ရှင်မောဂ္ဂလာန်နတ်ပြည်ရောက်ဝတ္ထု၊ (၅)အာနန္ဒာသဌေးကြီးဝတ္ထု၊ (၆)နန္ဒိယသူကြွယ်ဝတ္ထုတို့ဖြင့် နီးစပ်ဆက်နွယ်ရာ ပူးပေါင်းပြုစုခဲ့ပါသည်။

## ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၂)

**အမှတ် ၂- ကို** (အလှူရှင်ကြီးများ) အမည်ဖြင့် ရာဇဂြိုဟ်သဌေးကြီးများ ဖြစ်ကြသော (၁) ဇောတိက သဌေးကြီး၊

WWW.DHAMMARANSI.COM

(၂) ဇဋိလသဌေးကြီး၊ (၃) မေဏ္ဍကသဌေးကြီး ဝတ္ထုများနှင့် ထိုသဌေးကြီးတို့၏ ရှေးအတိတ် အလှူကြီးများကို တခမ်းတနား ဖော်ပြကာ ရဟန္တာအဖြစ် ရောက်ကြသည်အထိ ပါရှိပါသည်။

**ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၃)**

**အမှတ် ၃-တွင်** (ဝိသာခါ ကျောင်းအမကြီး) အမည်ဖြင့် (၁) ရာဇဂြိုဟ်ပြည်သဌေးကြီး ကာကဝလ္လိယဝတ္ထု၊ (၂)ဝိသာခါကျောင်းအမကြီး ၇ နှစ်သမီးအရွယ် သောတာပန်ဘဝမှ မှတ်သားဖွယ်ရာ ဇာတ်လမ်းအစုံနှင့် နီးစပ်ယှက်နွယ်သော ဝတ္ထုများကို အကျယ်တဝင့် ဖော်ပြထားပါသည်။

**ဓမ္မပဒ လက်ရွေးစင်ဝတ္ထုများ အမှတ်(၄)**

**အမှတ် ၄ တွင်** (သာမဏေကျော် လေးပါး) အမည်ဖြင့် (၁) တိဿ သာမဏေဝတ္ထု၊ (၂) ပဏ္ဍိတသာမဏေဝတ္ထု (၃) သံကိစ္စသာမဏေဝတ္ထု၊ (၄) သုမနသာမဏေ ဝတ္ထုများ အပြင်၊ အကျဉ်းအားဖြင့်(၅) အရှင်ရေဝတ၊ (၆) သုခသာမဏေ၊ (၇)သာနုသာမဏေ၊ (၈)သာမဏေကျော်လေးပါး၊ (၉)အရှင်ကုမာရ ကဿပ၊ (၁၀)အရှင်သီဝလိမထေရ်နှင့် (၁၁) ထေရာ အပါဒါန်တွင် လာရှိသော သာမဏေဘဝမှ ရဟန္တာ ဖြစ်ကြသော ပုဂ္ဂိုလ်ပေါင်း ၁၄ ဦးတို့ကို ဖော်ပြပါရှိပါသည်။

ဤသို့ဖြင့် ဓမ္မပဒလက်ရွေးစင်ဝတ္ထုများကို အမှတ်စဉ် ၄-၅-၆ အထိ မှတ်သားဖွယ်ရာ ဝတ္ထုတော်များကို ဓမ္မပဒ ဂါထာတော်များနှင့် ဘာသာပြန်များပါ ပူးတွဲ၍ ပြုစုစီစဉ်သွားမည် ဖြစ်ပါသည်။

**ပု-ဒိ-အာ နှင့် ပြည့်စုံရပါလို၏။**

**လှခင် (ဆန်းညွန့်ဦး)**

၁၃၄၂-နယုန်လပြည့်။

**စာတည်းအကြွင်း**

WWW.DHAMMARANSI.COM

# မှတ်သားဖွယ်ရာ ကျမ်းတော်လာ

## နတ်တို့နှစ်သက်သော တရားနှစ်ပါး

### (ဒေဝဓမ္မ တရားနှစ်ပါး)

၁။ မကောင်းမှုအားလုံးကို ပြုရမှာရှက်ခြင်းသဘော (ဟိရိ)

၂။ မကောင်းမှုအားလုံးကိုမပြုဝံ့ခြင်း၊ ကြောက်ခြင်း (သြတ္တပ္ပ)

ဟိရိ နှင့် သြတ္တပ္ပ=အရှက်နှင့်အကြောက် တရားနှစ်ပါးသည် နတ်တို့ ချစ်မြတ်နိုးသည်သာမက၊ လောကတခုလုံး၏ ချစ်မြတ်နိုးခြင်း ခံရ၏။

## နတ်ပြည်သို့ ရောက်လိုလျှင်

### (နတ်ဖြစ်ရန် အကြောင်း သုံးပါး)

294.3092, 2-32
A1MMGB016567

၁။ အမှန်ကိုသာ ပြောဆိုရာ၏။

၂။ အမျက်မထွက် စိတ်မဆိုးရ။

၃။ တောင်းခံလာက နည်းနည်းဖြစ်ဖြစ် ပေးလှူရာ၏။

ထွေးဦးအဖွဲ့

WWW.DHAMMARANSI.COM


## ဆန်းညွန့်ဦးစာအုပ်တိုက်မှ စာအုပ်များသည်
## တအုပ်ဝယ်ထားလျှင် တအိမ်သားလုံး ဖတ်ရသည်။

**ဦးလှခင် (ဆန်းညွန့်ဦး) ၏**

**ခေတ်မီ ဓမ္မပဒဝတ္ထုတော်ကြီး ၂၅ တွဲနှင့်အပြီး တတွဲ ၁၀**
**လက်ရွေးစင်ဓမ္မပဒ ဝတ္ထုများ အမှတ် ၁ မှ ၉ အထိ ၃ ကျပ်စီ**
**မိုးမိုချောင်မှ ဆေးစွမ်းကောင်းများ ပထမတွဲ၊ ဒုတိယတွဲ ၆ ကျပ်စီ**
**ဦးမြတ်လှ၏ "လူကြီးများဖတ်ရန် ပုံပြင်များ" ၆ ကျပ်စီ**

(၁) သင်္ဂဇာဆရာတော် ဥပမာပုံပြင်ဝတ္ထုများ၊ (၂) ဗန်းမော်ဆရာတော် ဟာသကဗျာ ပုံပြင်များ၊ (၃) စကားတောင်စား ဟာသပုံပြင်များ၊ (၄) ခံတော်မောင်ကျာဘမ်း စကားစစ်ထိုးခန်း၊ (၅) ဦးပေါ်ဦး လျှောက်ထုံး ပထမတွဲ၊ (၆) ဒုတိယတွဲ။

**ဦးသိန်းထွန်းမြင့်၏ (အပိုးတန် ဆေးပညာစာအုပ်များ)**

| | |
|---|---|
| အိမ်တွင်းဆရာဝန် (ပထမတွဲ) | ၃၀ ကျပ် |
| **B. P. I.** နှင့် နိုင်ငံခြားအိမ်သုံးဆေးများသုံးစွဲနည်း | ၁၅ ကျပ် |
| ရှေးဦးသူနာပြုစုနည်း ရုပ်ပုံပေါင်းများစွာဖြင့် | ၈ ကျပ် |
| **ဦးကြီးပု၏ ချက်နည်းပြုတ်နည်း ၅၀၀** | **၂၀ ကျပ်** |
| **ဒေါ်စိန်စိန်၏** "မုန့်လုပ်နည်းမျိုးစုံ" | ၆ ကျပ် |
| **ထိပ်တင်ထွန်း၏** "၁၄ ရက်အတွင်း အရပ်ရှည်နည်း" | ၄ ကျပ် |
| ” "ကျား-မ၊ ကိုယ်အလှ ၆ လလေ့ကျင့်စဉ်" | ၆ ကျပ် |
| **ကိုင်ရှီ၏ "အဆင့်မြင့်လက္ခဏာ"** အမှတ် (၁) | ၁၅ ကျပ် |
| ” ” အမှတ် (၂) | ၂၀ ကျ |
| **ဦးမြတ်လှ၏ "ဘဝကိုစိန်ခေါ်၍ ကမ္ဘာကျော်ခဲ့သူများ"** | **၁၂ ကျ** |
| **ဟသ်ာတဦးမျိုးလွင်၏** "ရုပ်အင်္ဂါချုပ်နည်းများ" | ၂၀ ကျပ် |
| * ရွှေနန်းသုံး မဟာဂီတပေါင်းချုပ် | ၃၀ ကျပ် |
| * မောင်တင်ထွေး၏ "ခေတ်ဟောင်းတေးများ" | ၁၅ ကျပ် |
| **စန်းသမိန်၏** "မြန်မာ့သွေး၊ မြန်မာ့ဓား၊ မြန်မာ့စစ်ပညာ" | ၅၀ ကျပ် |

အမြို့မြို့ဆိုင်တိုင်းမှာ မေးဝယ်ကြပါ။